မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၄၃)

၁၂၇၅ ခုနှစ်က ... တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် မုန်တိုင်းဒဏ်သင့်ဖိလစ်ပိုင်နိုင်ငံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၁

နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဟိုင်ယန် (ဒေသအခေါ် ယိုလန်ဒါ) အမည်ရှိ တိုင်ဖုန်းလေမုန်တိုင်း တိုက်ခတ်ခဲ့ခြင်းကြောင့် အသက်အိုးအိမ်

စာမျက်နှာ ၃ ကော်လံ ၄ ✻

ရာသီဥတုကို အကျိုးရှိရှိအသုံးပြုမည်ဆိုပါက တောရောမြို့ပါ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်ရှိနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာ ဖေသက်ခင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဦးဘုန်းမော်ရွှေ၊ ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာစိန်လှဗိုလ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အကူအညီပေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အရေးတကြီးပိုလာမှုတစ်ခုသည် ဒေသအတွက် ရေလုံလုံလောက်လောက်ရရှိအောင်နှင့် ရလာသည့်ရေကို အလဟဿမဖြစ်ရအောင် ထိန်းသိမ်းပြီး အကျိုးရှိရှိ အသုံးချသွားနိုင်ကြရန်၊ အသုံးချသွားနိုင်အောင်လည်း နည်းလမ်းများ ရှာကြံဆောင်ရွက်သွားကြရန်ဖြစ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငပလီအပါအဝင် သံတွဲ၊ ကျောက်ဖြူဝန်းကျင် အဆင့်မြင့်ကမ်းခြေလုပ်ဆောင်မည်

ခင်လေးမြင့်အောင်

နေပြည်တော် နိုဝင်ဘာ ၁၁

ခရီးသွားရာသီအစ ခရီးသည်ဝင်ရောက်မှုနှုန်းစတင်မြင့်တက်လျက်ရှိနေပြီး ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်အပန်းဖြေရာ နေရာတစ်ခုဖြစ်သည့် ငပလီကမ်းခြေနှင့်အနီးတစ်ဝိုက်ကို ကမ္ဘာ့အဆင့်မီကမ်းခြေ ဖြစ်လာစေရန် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဇုန်အဖြစ်ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ငပလီကမ်းခြေသည် အာရှတိုက်အတွင်းရှိ အခြားနာမည်ကျော်ကမ်းခြေများထက် ဂေဟစနစ်ပိုမိုကောင်းမွန်နေခြင်းက ခရီးသွားများကို ဆွဲဆောင်မှုရှိစေသည့်အချက်တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးရေးဇုန်အဖြစ်အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာကျော်ဖူးခက်ကမ်းခြေထက်ပင် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်သည့် အခြေအနေရှိကြောင်း

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနောင်နောင်ဟန်ထံမှ သိရှိရသည်။

"မြေနေရာတွေ ပြင်ဆင်၊ ဝယ်ယူတာတွေ များနေပါတယ်။ အဓိကကတော့ အခုအချိန်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ လိုအပ်နေပါတယ်။ နှစ်ရှည်စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြုပြင်ဖို့လိုအပ်ချက်တွေကတော့ အများကြီးရှိပါတယ်။ နိုင်ငံတကာအဆင့်မီ ဟိုတယ်တွေနဲ့ စားသောက်ဆိုင်တွေ လာရောက်အပန်းဖြေကြမယ့် ကမ္ဘာလှည့်တွေကို ဆွဲဆောင်နိုင်မယ့် သဘာဝအလှအပတွေကို စနစ်တကျတည်ဆောက်ထိန်းသိမ်းရမယ်။ ခရီးသွားလုပ်ငန်းဇုန်ကြီးတစ်ခု ဖြစ်ပေါ်ဖို့အတွက်ကတော့ အချိန်သုံးနှစ်ကနေ ငါးနှစ်အထိစောင့်ရမှာဖြစ်ပြီး လက်ရှိမှာလည်း ဟိုတယ်အသစ်တွေ ထပ်တိုးထွက်ပေါ်လာနေတယ်" ဟု ဦးနောင်နောင်ဟန်က ပြောကြားသည်။

သံတွဲမြို့နယ် ငပလီအပန်းဖြေကမ်းခြေမှာ ရှေးယခင်ခရီးသွားနှစ်များကပင် သွားလာမှုများပြားလျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့်သွားလာရေး၊ လမ်းပန်းဆက်သွယ်ရေးများ ယခုထက်ပိုမိုကောင်းမွန်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပိုမိုခိုင်မာလာပါကအခြားသော ပုဂံ၊ တောင်ကြီး၊ အင်းလေးစသည့် ကမ္ဘာလှည့်ခရီးသွားများနှစ်သက်သည့် နေရာများထက်ပင် စိတ်ဝင်စားသူ မြင့်တက်နိုင်သေးကာ

စာမျက်နှာ ၅ ကော်လံ ၁ ✻

ယနေ့

မာတိကာ

ဆိုချီဆောင်းရာသီအိုလံပစ် မီးရှူးတိုင် နိုင်ငံတကာအာကာသစခန်းမှ ကမ္ဘာမြေသို့ပြန်ရောက်

စာမျက်နှာ-၄

ဘုရားရှင်၏ လက်ဝဲအောက်ဓာတ်စွယ်တော်မြတ်အစစ်ကို ဌာပနာထားသော ကောင်းမှုတော် စေတီမြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

စာမျက်နှာ-၁၁

မြစ်ကြီးနားမြို့တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ အသုံးပြုနိုင်ပြီ

စာမျက်နှာ-၁၂

Ph : 663107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း

ကျွန်ုပ်တို့မြန်မာဆိုရိုးစကားတွင် “ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း” ဟူ၍ ရှိပါသည်။ တန်ဆောင်မုန်းလ အခါသမယတွင် စပါးခင်းများ၌ စပါးနှံ(စပါးဖုံး)များ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာခြင်းကို ဆိုခြင်းဖြစ်ပါသည်။ စပါးနှံများ နို့ရည်များ ပြည့်တင်းလာသည်နှင့်အတူ မကြာမီစပါးပေါ်တော့မည့်အနေအထား ဖြစ်ပါသည်။ စပါးပေါ်၍ တောင်သူတို့ ပျော်ရွှင်နိုင်ကြတော့မည် ဖြစ်ပါသည်။

သို့သော် စပါးသည် အမြဲတမ်းပေါ်လေ့မရှိပါ။ တစ်နှစ်မှ တစ်ကြိမ်၊နှစ်ကြိမ်မျှသာဖြစ်ပါသည်။ သို့သော်လည်း တောင်သူဦးကြီးတို့အနေဖြင့် စပါးများကို တစ်နှစ်ပတ်လုံးစားသုံးနိုင်အောင် စုဆောင်းတတ်ကြသည်။ နှစ်ပေါက်စားသုံးနိုင်အောင် စပါးကျီကြီးများဖြင့် သိုလှောင်သိမ်းဆည်းထားတတ်ကြပါသည်။ စည်းကမ်းစနစ် ကျနစွာဖြင့် လိုအပ်သလောက်သာ ထုတ်ယူကြိတ်ခွဲစားသုံးကြလေ့ရှိပါသည်။

ထို့အတူ စီးပွားရေးလောကတွင် လုပ်ငန်းခွင်အဆင်ပြေ၍ သော်လည်းကောင်း၊ ကံကောင်းထောက်မခြင်းကြောင့်သော်လည်းကောင်း ဝင်ငွေကောင်းကြသူ အများအပြားရှိပါသည်။ သို့သော် ဝင်ငွေဆိုသည်မှာ အမြဲကောင်းလေ့မရှိဘဲ ရံဖန်ရံခါမှသာ ကောင်းတတ်ပါသည်။ “စီးပွားရေးလုပ်ရာတွင် မြားပစ်သလို မသွားဘူး” ဆိုသောစကားကဲ့သို့ ဝင်ငွေသည်လည်း အမြဲမဖြောင့်နိုင်ပါ။ ငွေရတုန်းရှင်တုန်း ငွေကြေးကိုစုဆောင်း၊ စနစ်တကျစီမံခန့်ခွဲပြီး သုံးစွဲတတ်မှသာ စီးပွားဥစ္စာတိုးတက်နိုင်သည်။ ကြီးပွားချမ်းသာနိုင်ပါသည်။

သို့ရာတွင် လူအများစုမှာ ရရစားစားဖြင့်သာ ပြီးနေတတ်ကြသည်။ ဝင်ငွေကောင်းပြီး အဆင်ပြေနေစဉ်သုံးဖြုန်းပစ်ကြသဖြင့် ဆင်းရဲတွင်းထဲမှ မတက်နိုင်ဘဲ ဖြစ်ကြရသည်။ သောက်စားပျော်ကြူးခြင်း၊ အသုံးအဖြုန်းကြီးခြင်းများကြောင့် ဘဝရှေ့တက်မည့်ခြေလှမ်းများ မလှမ်းနိုင်ဘဲဖြစ်ရသည်။ တိုးတက်မှုဘဝလမ်းကြောင်းသစ်များ ပျောက်ဆုံးခဲ့ကြရသည်။

လူတိုင်းသည် အမြဲတမ်းအဆင်မပြေနိုင်ပါ။ အမြဲတမ်းစီးပွားရေးမကောင်းနိုင်ပါ။ အမြဲတမ်းဝင်ငွေ မဖြောင့်နိုင်ပါ။ ရှေ့နောက် အကြောင်းအကျိုး ညီညွတ်မှသာလျှင် အဆင်ပြေလေ့ရှိပါသည်။ စပါးသည်လည်းအမြဲတမ်းပေါ်လေ့မရှိပါ။ စပါးပေါ်ချိန်တွင် စနစ်တကျသိုလှောင်သိမ်းဆည်းထားရသကဲ့သို့ ဝင်ငွေကောင်းပြီး အဆင်ပြေညီညွတ်နေချိန်တွင် စနစ်တကျစုဆောင်းတတ်သော အလေ့အကျင့်ကောင်းများ မွေးမြူလုပ်ကိုင်တတ်ပါမှ ဘဝတိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၈ ရက် ညနေပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လှိုင်သာယာ-တွံတေးလမ်းနှင့် မအူပင်-တွံတေးလမ်းတို့ကိုလည်းကောင်း၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် တံတားအထူးအဖွဲ့ (၁၂) ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများ အရှိန်အဟုန်မပျက် ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း ရငွေ/သုံးငွေများ မှန်မှန်တတအသုံးပြုရန်၊ လမ်းကွန်ရက်(၁၁) လမ်းကို ပြည်သူများ ရာသီမရွေး အသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ လမ်း/တံတားလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ မျက်ခြည်မပြတ်တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

ဆရာစံလမ်းမှ ကျူးကျော်တဲများ မီးဘေးအန္တရာယ် သတိပြုစေလို

ပွင့်လင်းရာသီသို့ ဝင်ရောက်လာမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရပ်ကွက်၊ ကျေးရွာ၊ စက်မှုဇုန်တို့၌ ကျူးကျော်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လျက်ရှိရာ တာဝန်ရှိသူများ တားမြစ်ဖယ်ရှားသည့်ကြားမှပင် ဌားခြင်း၊ ရောင်းခြင်းတို့ဖြင့် စည်ပင်ပိုင်မြေ၊ မြောင်းပေါ်၌ ကိုယ်ကျိုးရှာသူများကြောင့် အုပ်ချုပ်ရေးပိုင်းနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လျက်ရှိသည်။ ထို့အပြင် တဲပေါ်တွင် ချက်ပြုတ်စားသောက်ကြသည့်အတွက် နေ့၊ ည မီးဘေးအန္တရာယ်ကိုပါ စိုးရိမ်နေရသည်။

ဗိုလ်အောင်ကျော်လမ်းမကြီးနှင့် ထိစပ်နေသော ဆရာစံလမ်းတစ်လျှောက်တွင် ကျူးကျော်တဲများသည် လမ်းဘေးမှတစ်ဆင့် လမ်းပေါ်သို့ နေရာယူလျက်ရှိရာ (၁၈)ရပ်ကွက် အောင်ဆန်းသူရိယ လမ်းထိပ်အထိ လူနေတဲများ၊ ဈေးဆိုင်၊ မုန့်ဆိုင်၊ အခွေငှားဆိုင်၊ စက်ဘီးပြင်ဆိုင်၊ သစ်ဆိုင်တို့ဖြင့် စည်ပင်ရေမြောင်းပေါ်တွင် နေထိုင်လာသည်မှာ ခြောက်လကျော်လာပြီဖြစ်သည်။ အဆိုပါ ကျူးကျော်တဲများတွင် နေထိုင်သူတို့ တဲပေါ်တွင် ချက်ပြုတ် စားသောက်ကြသည့်အတွက် မီးဘေးအန္တရာယ်မှာ စိုးရိမ်ဖွယ်ရာဖြစ်နေ၍ ရပ်ကွက်အတွင်းမှ ကျူးကျော်တဲများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ပြင်ဆင်ထားရှိစေချင်ကြောင်း အမှတ်(၁၈) ရပ်ကွက်နေ ပြည်သူတချို့က ပြောကြားသည်။

(အပေါ်ပုံ) သန်းထိုက်(လှိုင်သာယာ)

မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ (EU)တို့ ပူးပေါင်း၍ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာဖိုရမ်များ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ EU တို့ ပူးပေါင်းပြီး နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဖိုရမ်များကို နိုဝင်ဘာ ဒုတိယပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း EU- Myanmar Task Force (EU-Myanmar အထူးလုပ်ငန်းအဖွဲ့)၏ ထုတ်ပြန်ချက်များမှ သိရသည်။

EU- Myanmar Task Force သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နိုင်ငံရေးကဏ္ဍ၌ အကောင်အထည်ဖော်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ အကူအညီများ ပေးနိုင်ရေး၊ စီးပွားရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် EU မှ မြန်မာနိုင်ငံအပေါ် နည်းပညာနှင့် ပစ္စည်းကိရိယာ အထောက်အပံ့များ ပေးအပ်မည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွင် Business Forum, Democratic Civil Society Forum နှင့် Development Forum များကို ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (MICC)တွင် မြန်မာနှင့် EU အကြား သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်

ပြည်ရွှေဆံတော်ဘုရားပွဲတော် ဖူးမြော်နိုင်ရေး RBE ရထားပြေးဆွဲ

ပြည် နိုဝင်ဘာ ၁၁

ပြည်ရွှေဆံတော်ဘုရားပွဲတော်ကို အများပြည်သူစိတ်ချမ်းမြေ့စွာဖြင့် လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်ရန် RBE ရထားကို နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ပြည်ဘူတာမှ နံနက် ၇ နာရီ စတင်ထွက်ခွာပြီး လက်ပံတန်းဘူတာသို့ နံနက် ၁၁ နာရီ ဆိုက်ရောက်ကာ လက်ပံတန်းဘူတာမှ မွန်းတည့် ၁၂ နာရီ ပြန်လည်ထွက်ခွာပြီး ပြည်ဘူတာသို့ ညနေ ၄ နာရီ ဆိုက်ရောက်မည်ဖြစ်သည်။ အဆိုပါ RBE ရထားခရီးစဉ်တစ်လျှောက် စစ်ကွင်း၊ မင်းလှ၊ အိုးသည်ကုန်း၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ မော်ဇာဘူတာများတွင် ခေတ္တရပ်နားပေးပြီး ခရီးစဉ် စဆုံးအထိ ရထားလက်မှတ်ခ ငွေကျပ် ၁၃၀၀ ကျသင့်၍ လမ်းပိုင်းဘူတာများအတွက် မိုင်နှုန်းနှင့် တွက်ချက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝ၉၈)

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Mon to Thurs-10:00-12:00am 11 Nov
Mon to Thurs-1:00-3:00pm 11 Nov
Sat & Sun -12:30-3:30pm 16 Nov
Sat & Sun -9:00-12:00am 23 Nov
Mon to Thurs-7:30-9:30am 25 Nov
Mon to Thurs-3:00-5:00pm 25 Nov
Mon to Thurs-5:00-7:00pm 25 Nov

Pre-Intermediate English
Mon to Thurs-10:00-12:00am 18 Nov
Mon to Thurs-7:30-9:30am 25 Nov
Mon to Thurs-5:00-7:00pm 25 Nov
Sat & Sun -12:30-3:30pm 7 Dec

Grammar Foundation Course
Sat & Sun -9:00-12:00am 23 Nov
Mon to Thurs-7:30-9:30am 25 Nov
Sat & Sun -4:00-7:00pm 7 Dec

Vocabulary Enrichment Course
Mon to Thurs-3:30-5:00pm 25 Nov

Structure & Written Expression
Sat & Sun -9:00-12:00am 16 Nov
Mon to Thurs- 5:00-6:30pm 18 Nov
Mon to Thurs- 10:00-12:00am 25 Nov

Integrated Skills Level Course
Mon to Thurs- 1:00-3:00pm 25 Nov

IELTS, IELTS(Speaking), SAT, API, AWC, BWC

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

Nice ... Fair ...
New Year မှာ Nice Fare Travel ...

သာယာပျော်ရွှင် ‘ဘန်ကောက်၊ ပတ္တာရား၊’ ခရီးစဉ်
27 Dec 2013 (၅ညအိပ် ၆ရက်) Hotel ****

ပျော်ရွှင်ကြည်နူး ‘စင်္ကာပူ’ ခရီးထွား
28 Dec 2013 (၄ညအိပ် ၅ရက်) Hotel ****

သာယာပျော်ရွှင် ‘ဟောင်ကောင်’ ခရီးစဉ်
25 Dec 2013 (၇ညအိပ် ၈ရက်) Hotel ****

ချမ်းမြေ့ပျော်ရွှင် ‘ကမ္ဘောဒီးယား’ ခရီးစဉ်
25 Dec 2013 (၅ညအိပ် ၆ရက်) Hotel ****

ပျော်ရွှင်ကြည်နူး ‘ဗီယက်နမ်’ ခရီးထွား
26 Dec 2013 (၆ညအိပ် ၇ရက်) Hotel ****

Nice Fare Travel Co.,Ltd.
HO - 255699, 393088 (Hunt Line)
BO.1 - 701476, 373090, 384274
BO.2 - 377955, 373032, 378911
BO.3 - 657320, 73046088
Mandalay Branch- 02,30833, 30844

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဗန်ကောက်မြို့ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ UNICEF ရုံးမှ Director , Mr. Daniel Toole ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာစန်းလွင်၊ ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ UNICEF ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံစီမံချက်ကို ကာလလယ်ပြန်လည်သုံးသပ်ချက်ဆောင်ရွက်ရေးဆိုင်ရာများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ လူ့စွမ်းရည်မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာများကိုလည်းကောင်း ရင်းနှီးစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဗန်ကောက်မြို့ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ UNICEF ရုံးမှ Director , Mr. Daniel Toole အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂမှ ညွှန်ကြားရေးမှူးများ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဌာနမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Mark Cutts သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဗန်ကောက်မြို့ရှိ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNICEF ဒေသရုံးမှ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Daniel Toole သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို နှစ်ဖက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ဆုံးရှုံးခဲ့သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အက်စ် အကွီနို(၃)ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ အဲလ်ဘတ်အက်ဖ်ဒယ်လ် ရိုစာရီယိုထံသို့လည်းကောင်း ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေးပို့ခဲ့ကြသည်။ **(သတင်းစဉ်)**

● ပြည်သူအားလုံး၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိသေး၊ ကျန် ၇၀ ရာခိုင်နှုန်းသော ပြည်သူများအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ။

● တည်ဆောက်စရိတ်အနေဖြင့် တစ်မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ တစ်သန်း၊ တစ်မဂ္ဂါဝပ် ဓာတ်အားပမာဏသယ်ပို့ဖြန့်ဖြူးရန် အမေရိကန်ဒေါ်လာတစ်သန်း သုံးစွဲရန်လိုအပ်။

● လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် တစ်နှစ် ၁၅ ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိရာ လက်ရှိဓာတ်အား သယ်ပို့ဖြန့်ဖြူးရေးစနစ်များအား တိုးချဲ့တည်ဆောက်ပေးရန်လို။

● ထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ကျောက်မီးသွေးဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၁၀၀၊ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၁၃၀၊ ရေအားလျှပ်စစ်ဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၅၀ မှ ၇၀ အထိကျသင့်ပြီး ပျမ်းမျှထုတ်လုပ်မှု ကုန်ကျစရိတ် ၇၈ ကျပ်ဖြစ်။ သယ်ပို့ဖြန့်ဖြူးရေးစရိတ်ပါဝင်ခြင်းမရှိသေး။

● လက်ရှိဓာတ်အားခနှုန်းထားဖြင့် တစ်ယူနစ်ထုတ်လုပ်ရောင်းချတိုင်း ၂၂ ကျပ်အရှုံးပေါ်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နှစ်လျှင် ငွေကျပ် ၁၈၅ ဘီလီယံ အရှုံးခံစိုက်ထုတ်ဓာတ်အားပေးလျက်ရှိ။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ Delivery Unit များထံသို့ ဆက်သွယ်အကြံပြုနိုင်

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြည်သူတို့၏ အကြံပြုတင်ပြချက်များအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါ Delivery Unit များမှ တိုက်ရိုက်လက်ခံ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပြန်ကြားသွားမည်ဖြစ်ပါသည်-

စဉ်	ဆပ်ကော်မတီ	အမည်/ရာထူး	တာဝန်	တယ်လီဖုန်း	Fax	Email/Web
၁	မွေးမြူရေးနှင့်ရေလုပ်ငန်း ဆိုင်ရာဆပ်ကော်မတီ	ဦးခင်မောင်အေး ဒုတိယဝန်ကြီး	ဥက္ကဋ္ဌ	၄၀၈၂၈၅	၄၀၈၀၄၉ ၄၀၈၂၇၂	www.mlfrd.gov.mm
၂	ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆိုင်ရာဆပ်ကော်မတီ	ဦးတင်ငွေ ဒုတိယဝန်ကြီး	ဥက္ကဋ္ဌ	၄၀၈၁၅၁	၄၀၈၁၅၁	dyminister.mlfrd @gmail.com
၃	လယ်ယာ၊သားငါး၊ သစ်တော ကဏ္ဍဆပ်ကော်မတီ	ဒေါက်တာ အောင်မြတ်ဦး ဒုတိယဝန်ကြီး	ဒုတိယ ဥက္ကဋ္ဌ(၁)	၄၀၈၀၅၄	၄၀၈၀၄၉	aungmyatoo.mlfrd @gmail.com

နိုင်ငံတကာသတင်း

ဗီယက်နမ်နိုင်ငံက မုန်တိုင်းဒုက္ခသည်များအား ကန်ဒေါ်လာ တစ်သိန်းလှူဒါန်း

ဟန္နိုင်း နိုဝင်ဘာ ၁၁

ဗီယက်နမ်နိုင်ငံကတိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့် ဖိလစ်ပိုင်နိုင်ငံသား ဒုက္ခသည်များအတွက် အရေးပေါ်ကူညီရေး ထောက်ပံ့မှုအဖြစ် အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်းမည်ဖြစ်ကြောင်း၊ ၎င်းတို့ တတ်နိုင်သမျှ လိုအပ်သောအကူအညီများဆက်လက် ပေးနိုင်ရန်ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် နိုဝင်ဘာ ၁၀ ရက်က ရေးသားထားသည်။

စူပါ တိုင်ဖွန်းမုန်တိုင်းဟိုင်ယန်ကြောင့် ဆိုးရွားစွာပျက်စီးဆုံးရှုံးမှုများနှင့် များစွာသော နိုင်ငံသားများ သေကျေရမှုတို့အပေါ် စာနာထောက်ထားမှုစေတနာကို ဗီယက်နမ်သမ္မတနှင့် ဝန်ကြီးချုပ်တို့က ဖိလစ်ပိုင်သမ္မတထံ နိုဝင်ဘာ ၁၀ ရက်က ကမ်းလှမ်းခဲ့သည်ဟု ဆိုသည်။ ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့်ပြည်သူများ မုန်တိုင်းဒဏ် အကျိုးဆက်ကို အလျင်အမြန် ကျော်လွှားနိုင်စေရေးနှင့် ပြည်သူတို့၏ဘဝတည်ငြိမ်မှုရစေရေးအတွက် ဗီယက်နမ်ခေါင်းဆောင်များက မျှော်လင့်ကြောင်းဆက်လက်ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်းသည် ပြီးခဲ့သည့် နိုဝင်ဘာ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကို လေပြင်းတိုက်ခတ်နှုန်းတစ်နာရီ ကီလိုမီတာ ၃၂၀ ဖြင့် ဝင်ရောက်ခဲ့သဖြင့် နိုင်ငံသား ရှစ်သိန်းနီးပါးကို လုံခြုံရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး လူလေးသန်းဝန်းကျင်တို့ မုန်တိုင်းဒဏ် ခံခဲ့ရသည်။ **(ဆင်ဟွာ)**

ရုရှားအာကာသယာဉ်မှူးအား အိုလံပစ်မီးရှူးတိုင်နှင့်အတူ တွေ့ရစဉ်။

ဆိုချီဆောင်းရာသီအိုလံပစ်မီးရှူးတိုင် နိုင်ငံတကာအာကာသစခန်းမှ ကမ္ဘာမြေသို့ပြန်ရောက်

မော်စကို နိုဝင်ဘာ ၁၁

ဆိုယုဇ်အာကာသယာဉ်ထိပ်ဖူးသည် ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်ရောက်ရှိလာပြီဖြစ်သည်။ ၎င်းနှင့်အတူ ရုရှားက ဦးဆောင်ကျင်းပမည့် ဆောင်းရာသီ အားကစားပွဲ၏ အစိတ်အပိုင်းအဖြစ် အာကာသအတွင်း လမ်းလျှောက်ရာတွင် သယ်ဆောင်ခဲ့သည့် ဆိုချီ ၂၀၁၄ အိုလံပစ်မီးရှူးတိုင်ကိုသယ်ဆောင်လာသည်။

အဆိုပါမီးရှူးတိုင်သည် နိုင်ငံတကာ အာကာသစခန်းမှ ထွက်လာပြီးနောက် ကာဇက်စတန်သို့ရောက်ရှိခဲ့သည်။ ၎င်းမီးရှူးတိုင်နှင့်အတူ အာကာသယာဉ်မှူးများက နိုင်ငံတကာအာကာသစခန်းသို့ သယ်ဆောင် သွားခဲ့ပြီး စခန်း၏ အပြင်ဘက်၌ ဝှေ့ယမ်းပြသခဲ့သည်။ ရုရှားအာကာသယာဉ်မှူးများဖြစ်သည့် အိုလက်ကိုတော့ဗ်နှင့် ဆာဂျီနိုင်ဇန်စကီးတို့သည် ကမ္ဘာမြေပြင်အထက်မိုင် ၂၆၀ အကွာ မီးရှူးတိုင်ကို သယ်ဆောင်လျက်ရိုက်ထားသော ဓာတ်ပုံများ ကမ္ဘာသို့ပေးပို့ခဲ့သည်။ ၎င်းအိုလံပစ် မီးရှူးတိုင်ကို ယခင်က အာကာသသို့ နှစ်ကြိမ်သယ်ဆောင်ခဲ့ဖူးသည်။

၁၉၉၆နှင့် ၂၀၀၀ ခုနှစ်ကဖြစ်သည်။ မီးရှူးတိုင်ကို သယ်ဆောင်လာသည့် ဒုံးပျံထိပ်ဖူးသည် နိုဝင်ဘာ ၁၁ ရက်က ကာဇက်စတန်သို့လေထီးဖြင့် အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီဖြစ်သည်။ ဒုံးပျံထိပ်ဖူးအတွင်း အာကာသယာဉ်မှူးများလည်း လိုက်ပါလာသည်။

ရုရှားအာကာသယာဉ်မှူး ယာချီခင်၊ အမေရိကန်အာကာသယာဉ်မှူး ကာရင်နိုင်ဘတ်နှင့် အီတလီ အာကာသယာဉ်မှူး ပါမီတာနိုတို့က အဆိုပါ မီးရှူးတိုင်ကို သယ်ဆောင်လာခြင်းဖြစ်သည်။ မစ္စတာယာချီခင်သည် ၎င်းဒုံးပျံထိပ်ဖူးပြန်လည်ဆင်းသက်လာစဉ် ဒုံးပျံ၏အဓိက အာကာသယာဉ်မှူး ဖြစ်သည်။ မီးရှူးတိုင်ကိုလာမည့် ဖေဖော်ဝါရီလ ဆောင်းရာသီ အိုလံပစ်ပွဲကျင်းပမည့်နေရာသို့ ဆက်လက်သယ်ဆောင်သွားမည်ဖြစ်သည်။ **(ဘီဘီစီ)**

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ အတိုက်အခံများ တက်ရောက်ကြမည်ဟုဆို

ဒမတ်စကတ် နိုဝင်ဘာ ၁၁

ဆီးရီးယားနိုင်ငံ၏ အဓိက အတိုက်အခံ မဟာမိတ်များက ၎င်းတို့အနေဖြင့် စီစဉ်ထားသော ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါဆီးရီးယားအမျိုးသား ညွန့်ပေါင်းအဖွဲ့က စစ်တပ်မှဝိုင်းထားသော ဒေသများအကူအညီပေးရေးအာမခံချက်ပေးရန်နှင့် နိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေးရန်တိုက်တွန်းဆော်ဩလိုက်သည်။

ဆွေးနွေးပွဲတစ်ရပ်သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုရလဒ် တစ်ခုဖြစ်သင့်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

သမ္မတဘရှားအယ်လ်အာဆတ် အစိုးရက ဂျီနီဗာ၌ ကျင်းပမည့် ယင်းဆွေးနွေးပွဲအတွက် ကြိုတင်သတ်မှတ်ချက်များကို ငြင်းဆိုထားသည်။ ကုလသမဂ္ဂ၊ အမေရိကန်နှင့် ရုရှားတို့ကလည်း နိုဝင်ဘာလကုန်တွင် ကျင်းပမည့် အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ကြိုးစားလျက်ရှိသည်။ သို့ရာတွင် ယင်းဆွေးနွေးပွဲသည် နှောင့်နှေး ကြန့်ကြာလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အာရပ်အဖွဲ့ချုပ် သံတမန်လက်ဒါ ဘရာဟီမီက ပြောသည်။

ဆီးရီးယားအမျိုးသားညွန့်ပေါင်းအဖွဲ့ကယင်းသဘောတူညီချက်ကို အစ္စတန်ဘူလ်၌ ကျင်းပသော နှစ်ရက်ကြာဆွေးနွေးမှုအပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ဘရှားအယ်လ်အာဆတ်သည် အသွင်ကူးပြောင်းရေးကာလနှင့် အနာဂတ်ဆီးရီးယားတွင် ၎င်း၏အခန်းကဏ္ဍ ပါဝင်မည်မဟုတ်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင်သို့ ဝင်ရောက်ခဲ့သည့် မုန်တိုင်း ဗီယက်နမ်အဝင်၌ အနည်းဆုံး ၁၁ ဦးသေဆုံး

ဟန္နိုင်း နိုဝင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံ၌ လူထောင်ပေါင်းများစွာသေဆုံးခဲ့သော ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်းသည် တရုတ်နယ်စပ်အနီး ဗီယက်နမ်မြောက်ပိုင်းသို့ ဝင်ရောက်လာသည်။ အဆိုပါမုန်တိုင်းသည် လေတိုက်နှုန်းတစ်နာရီ ၉၈ မိုင်နှုန်းရှိနေဆဲဖြစ်ပြီး ခရီးသွားဒေသတစ်ခုဖြစ်သည့် ဟာလွန်းပင်လယ်အော်သို့ ချဉ်းကပ် ဝင်ရောက်လာသည်။ ယင်းမုန်တိုင်းဝင်ရောက်လာစဉ် အခြေအနေဆိုးရွားနိုင်သည့်အတွက် စိုးရိမ်ရသောဒေသများမှပြည်သူ ခြောက်သိန်းခန့်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ ယင်းမုန်တိုင်း အကျိုးဆက်ကြောင့် သေဆုံးသူ ၁၁ ဦးရှိသွားပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

တရုတ်နိုင်ငံကလည်း မုန်တိုင်းလမ်းကြောင်းပြောင်းပြီးနောက် ဟိုင်နန်၊ ကွမ်တုံနှင့်ကွမ်စီပြည်နယ်တို့၌ သတိပေး နှိုးဆော်ချက်များထုတ်ပြန်ထားသည်။ မုန်တိုင်းသည် တရုတ်နိုင်ငံအတွင်းဝင်ရောက်ပြီး အားပျော့ပျက်ပြယ်သွားနိုင်သည်။ **(ဘီဘီစီ)**

ဥမင်အတွင်းရှိ တက်ပီကိုင်တိုင်းဘူတာရုံကို တွေ့ရစဉ်။

ဂျပန်နိုင်ငံမှ ကမ္ဘာ့ပထမဆုံးရေအောက်ဘူတာရုံပိတ်သိမ်း

တိုကျို နိုဝင်ဘာ ၁၁

ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ကမ္ဘာ့ပထမဆုံးသော ပင်လယ်ရေအောက် ဘူတာရုံကို နောက်ဆုံးအနေဖြင့် နှုတ်ဆက်ခရီးစဉ်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၀ ရက် အင်န်အိတ်ချ်ကေသတင်းတွင် ရေးသားထားသည်။

အမြန်ရထားပေါ်၌ သီးသန့်ယူထားသောခရီးသည် ၁၆၀ တို့ကို ခရီးစဉ် နောက်ဆုံးရက် နိုဝင်ဘာ ၁၀ ရက်က တက်ပီကိုင်တိုင်းဘူတာ၌ ထွက်ခွာစေခဲ့ပြီဖြစ်သည်။

ယခုပိတ်သိမ်းလိုက်သော ဘူတာရုံသည် ပင်လယ်ရေမျက်နှာပြင် အောက် ၁၃၅ မီတာအနက်၌တည်ရှိသည်။ ဟော့ကိုင်းဒိုနှင့် ဟွန်ရှူး ကျွန်းမကြီးရှိ အော်မိုရီ စီရင်စု အကြား ရထားဖြင့်ဆက်သွယ်ရန် ၁၉၈၈ ခုနှစ်က ဖွင့်လှစ်ခဲ့သော ဆိုင်းကင်ဥမင်လိုဏ်အတွင်း ဘေးကင်းရာနေရာတစ်ခုအဖြစ် ၎င်းဘူတာရုံကို တည်ဆောက်ထားခြင်းဖြစ်သည်။

၎င်းဘူတာရုံကိုပိတ်ရမည်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ၎င်း၏ပလက်ဖောင်းသည် ရှင်ကန်ဆင်ကျည်ဆန်ရထားအတွက် ကျယ်လွန်းသောကြောင့်ဖြစ်ကြောင်း လမ်းညွှန်တစ်ဦးက ခရီးသည်များအား ရှင်းပြသည်။

လမ်းညွှန်သူက ခရီးသည်တို့အား ယာယီနားနေဆောင်တစ်ခုသို့ ခေါ်ဆောင်သွားပြီး နွေဦးရာသီ ရေပြင်ထဲတွင် တည်ဆောက်ရေးလုပ်သားများ မည်သို့မည်ပုံကြိုးစားခဲ့ရကြောင်း ရှင်းပြသည်။

အဆိုပါ ဥမင်အတွင်းရှိ တက်ပီကိုင်တိုင်းနှင့်အခြား ဘူတာတို့ကို ဆက်သွယ်သောဘူတာကိုလည်း လာမည့်မတ်လတွင် တရားဝင်ပိတ်လိမ့်မည်ဟု ဆိုသည်။ ယင်းတို့သည် ဂျပန်ရှိ နောက်ဆုံးပင်လယ်ရေအောက်ဘူတာများဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဒူကထောင်ရပ်ကွက်၊ အမှတ် (၃၂၇) တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်အမျိုးသားများဒီမိုကရေစီ ကွန်ဂရက်ပါတီ၏ အလံပုံစံ။

ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ၏ တံဆိပ်ပုံစံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ယုဇနရပ်ကွက်၊ အမှတ် (၃၈၆) တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ် ဒီမိုကရေစီ ပါတီ၏ အလံပုံစံ။

ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်တွင်းသတင်း

မီးသတ်လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၁

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ သင်တန်းကြီးကြပ်ရေးအဖွဲ့နှင့် သင်တန်းနည်းပြဆရာများအတွက် ဂုဏ်ပြုငွေကျပ် ၃၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်နှင့်စစ်ရေးပြဆုကို မြို့နယ်ရဲတပ်ဖွဲ့မှူးက လည်းကောင်း သင်တန်းသားမီးသတ်ပညာဆုနှင့် ဖွဲ့ဆုကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးခင်မော်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၁၃၆)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့တွင် **ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၃ MNL လူငယ်အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း။

✻ **ရှေ့ဖုံးမှ**

လက်တွေ့တွင် မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသွားများ၏ ၈၀ ရာခိုင်နှုန်းမှာ ငပလီကမ်းခြေသို့ လာရောက် အပန်းဖြေတတ်ကြောင်း Good News Travelling Agency မှ ကိုမျိုးဇေယျာထွန်းက ပြောကြားသည်။

ရခိုင်ပြည်နယ်သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိပြီး ငပလီကမ်းခြေအပြင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသ၊ ကျောက်ဖြူစီးပွားရေးဇုန်များသို့ အများအပြား သွားရောက်ကြကြောင်း သိရှိရသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဇုန်အဖြစ် အဆင့်မြှင့်တင်ရန် ပြင်ဆင်နေသည့် သံတွဲမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များအတွင်း ပင်လယ်ကမ်းခြေကျေးရွာများသို့ စီးပွားရေးလုပ်ငန်းရှင်များလည်း အများအပြားလာရောက်ကာ မြေကွက်ဝယ်ယူခြင်းလုပ်ကိုင်ကြသဖြင့် ကမ်းခြေအနီး ကျေးရွာများ၏ ဈေးနှုန်းများလည်းမြင့်တက်လျက်ရှိပြီး သံတွဲမြို့ပေါ်ရပ်ကွက်များ၏ ဈေးထက်ပင် ပိုမိုမြင့်မားလျက်ရှိကြောင်း ဒေသခံများထံမှ သိရှိရသည်။

ပြောကြား

"ယခုနှစ်ပွင့်လင်းရာသီမှာ ရာသီအစကတည်းက ဟိုတယ်တွေ အခန်းရရှိမှု အနေအထားကောင်းမွန်နေပါတယ်။ ရှေ့နှစ် ဇန်နဝါရီနောက်ပိုင်းမှာ Booking တွေ ပြည့်နေပါတယ်။ အများစုကတော့ အာရှတွင်းထက် အမေရိကန်၊ ရုရှားနဲ့ ပြင်သစ်ခရီးသည်တွေများပြားပြီး ငပလီကမ်းခြေမှာဆိုရင် ကမ္ဘာလှည့်တွေက တစ်ရက်ကို ကန်ဒေါ်လာ ၁၀၀ ကနေ ၅၀၀ အထိ သုံးစွဲတတ်ကြပြီး တစ်ညကို ဒေါ်လာ ၃၀၀ ကနေ ၁၀၀၀ ကြားအထိ သုံးစွဲရတဲ့ ဖူးခက်ကမ်းခြေထက်စာရင် ဈေးနှုန်းသက်သာပြီး ရှုခင်းနဲ့ Eco-System က ပိုလှလို့ လာကြပါတယ်။ လက်ရှိယခုနှစ်မှာတင် ဟိုတယ် ၁၂ လုံးလောက် ထွက်ပေါ်လာပါတယ်"ဟု ဟိုတယ်လုပ်ငန်းရှင် ဒေါက်တာ စည်သူတင် (Treasure Bangle) က ပြောကြားသည်။

✣ **ကျောဖုံးမှ**

သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ တစ်ဂိုးစီ သရေရလဒ်ကို ထိန်းကစားနိုင်ခဲ့သောကြောင့် ပွဲအပြီးတွင် ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲအပြီးတွင် ရတနာပုံအသင်းက ရမှတ် ၄၅ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး ရန်ကုန်အသင်းက ၃၉ မှတ်ဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ညီညီစိုးညွန့်

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမပျှ
မသုံးရ

❍ ကမ္ဘာ့ဘဏ်(World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) စသည့်အဖွဲ့အစည်းများမှ ဘဏ္ဍာရေးဆိုင်ရာ ရှင်သန်နိုင်မှု(Financial Sustainability) ရှိစေရေးအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကာမိစေသော ဓာတ်အားခနှုန်းထား (Utility Based Tariff) သတ်မှတ်သင့်ကြောင်း တိုက်တွန်းခဲ့။

❍ အများပြည်သူအိမ်သုံးတစ်လလျှင် ယူနစ် ၁၀၀ အောက် အသုံးပြုသူ ၅၈ ဒသမ ၈၉ ရာခိုင်နှုန်းအား အခြေခံလူတန်းစားအဖြစ်လည်းကောင်း၊ စီးပွားရေးစက်မှုသုံး တစ်လလျှင် ယူနစ် ၅၀၀၀ အောက်အသုံးပြုသူ ၈၂ ဒသမ ၆ ရာခိုင်နှုန်းအား အသေးစားနှင့်အလတ်စား စက်မှုစီးပွားရေးလုပ်ငန်းများအဖြစ်လည်းကောင်း သတ်မှတ်၍ ဓာတ်အားခနှုန်းထားပြင်ဆင်ရာတွင် စဉ်းစားဆောင်ရွက်ခဲ့။

❍ အခြေခံလူတန်းစားတို့အတွက် ယူနစ် ၁၀၀ အထိ ယခင်နှုန်းထားအတိုင်း တစ်ယူနစ် ၃၅ ကျပ်နှုန်းသာ ဆက်လက်ကောက်ခံရန်၊ အသေးစားနှင့်အလတ်စားစက်မှုစီးပွားရေးလုပ်ငန်းငယ်များအတွက် တစ်လလျှင်ယူနစ် ၅၀၀၀ အထိ ယခင်နှုန်းထား တစ်ယူနစ် ၇၅ ကျပ်အစား တစ်ယူနစ်ငွေကျပ် ၁၀၀ ဖြင့် ပြင်ဆင်ကောက်ခံမည်ဖြစ်။

လျှပ်စစ်မီတာခများ တက်ရခြင်းမှာ- - -

အောင်ဇေ

ကျွန်တော်ဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ဘာမှမပတ်သက်တဲ့ ပြည်သူတစ်ယောက်။ အများမီးပျက်ရင် ကိုယ်လည်းပျက်။ တစ်ယူနစ် ၅၀ ဆိုရင် ကျွန်တော်လည်း ၅၀ ပါပဲ။ မီတာခဈေးတက်တာ ကျွန်တော်လည်း ဘယ်ကြိုက်ပါ့မလဲ။ ကိုယ့်အိတ်ထဲက ပိုက်ဆံထွက်တာကို ကြိုက်တဲ့သူ ဘယ်သူမှမရှိ။ ဒါပေမယ့် လျှပ်စစ်ဓာတ်အားခတွေ တက်တယ်ဆိုတာ သာမန်တော့မဟုတ်နိုင်ဘူး။ အင်မတန်ခိုင်လုံတဲ့အကြောင်းရှိရမယ်ဆိုပြီး ဝန်ကြီးဌာနက ခင်မင်တဲ့မိတ်ဆွေတစ်ယောက်ကိုမေးကြည့်တဲ့အခါမှာတော့ အင်မတန်ခိုင်မာတဲ့ အချက်အလက်တွေရခဲ့တယ်။

ဒီအချက်အလက်တွေကို အမှန်တိုင်းတင်ပြမယ်။ ဒါဟာ တိုင်းပြည်အတွက် လုပ်တာ။ အခု ကျွန်တော်တင်ပြမယ့်အချက်အလက်တွေဟာ စိတ်ကူး၊ စိတ်မှန်းနဲ့ရေးတဲ့ကိစ္စတွေ တစ်ခုမှမပါဘဲ တကယ့်ခိုင်လုံတဲ့အချက်အလက်တွေရပြီးမှ ရေးတာဖြစ်တယ်။ ဒီအချက်အလက်တွေကို ဝန်ကြီးဌာနမှာ စုံစမ်းလို့လည်း ရပါတယ်။

ရှေးဦးဆုံး ပြောချင်တာက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ အရှုံးနဲ့ လည်ပတ်နေရတဲ့ ဝန်ကြီးဌာနဖြစ်တယ်။ လက်ရှိအနေအထားအရ တစ်နှစ်ကို ဝန်ကြီးဌာနက ၁၈၅ ဘီလီယံကျပ်အရှုံးနဲ့ ပြည်သူတွေကို မီးပေးနေရတယ်။ “မင်းတို့အစိုးရပဲကွာ၊ ပြည်သူတွေကို မီးပေးလို့ ရှုံးတာ၊ တိုင်းပြည်အတွက်ပဲ၊ မင်းတို့ရှုံးလေ ပြည်သူတွေအကျိုးရှိလေပဲ၊ ရှုံးပါစေပေါ့” လို့ ပြောမယ်ဆိုရင်လည်း ဖြစ်ပါတယ်။

ပြီးတော့ “မင်းတို့မီးက လာတစ်ချက် မလာတစ်ချက်နဲ့၊ မီးတောင် နပ်မှန်အောင်မပေးနိုင်ဘဲနဲ့များ ဈေးကတက်လိုက်ချင်သေးတယ်” လို့ပြောမယ်ဆိုလည်း ပြောလို့ရပါတယ်။ ဒါတွေဟာ အမှန်တွေပဲ။ ဒါပေမယ့် တစ်ဖက်ကလည်း ဝန်ကြီးဌာနဘက်ကို နည်းနည်းငဲ့စောင်းကြည့်သင့်တယ်။ လူတစ်ယောက် သို့မဟုတ် အိမ်တစ်အိမ်မှာ အကြွေးတွေပွနေရင် ဘယ်လိုမှ ကြီးပွားတိုးတက်ဖို့မရှိပါဘူး။ ဝန်ကြီးဌာနမှာ အခုလို အရှုံးတွေခံ၊ အကြွေးတွေဗလပွဖြစ်နေရင် အဲ့ဒီဝန်ကြီးဌာနဟာ တိုင်းပြည်ထူထောင်ရေးကို ဘယ်လိုမှ မထောက်ပံ့နိုင်ဘူး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ အခုလို အရှုံးတွေနဲ့သာ လည်ပတ်နေရရင် တိုင်းပြည်ကြီးမီးထိန်ထိန်လင်းဖို့အရေးဟာ ဝေးသည်ထက်ဝေးပြီပေါ့။ ဘယ်ကပိုက်ဆံနဲ့ လျှပ်စစ်ဓာတ်တွေ များသထက်များအောင် လုပ်နိုင်မလဲ။ ဘယ်ကပိုက်ဆံနဲ့ ဓာတ်အားပေးစက်ရုံတွေတည်မလဲ။ ဘယ်ကပိုက်ဆံနဲ့ ကေဘယ်လ်ကြိုးတွေ၊ တာဝါတိုင်တွေ၊ ဓာတ်တိုင်တွေဝယ်မလဲ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုတာ စည်ပင်လိုမျိုး၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာနလိုမျိုး အခွန်ကောက်လို့ရတဲ့အမျိုးမဟုတ်ဘူး။ လျှပ်စစ်ဓာတ်အားခ ကောက်ခံတာကလွဲပြီး ဘာဝင်ငွေမှ ရှိတာမဟုတ်ဘူး။ သူတို့လည်း တိုင်းပြည်တစ်ပြည်လုံး မီးလင်းစေချင်မှာပဲ။ ကိုယ့်ဝန်ကြီးဌာနအတွက် ပြည်သူလူထုရဲ့ လက်ခုပ်သံကို နားထောင်ချင်ကြမှာပဲ။ ဘာမှမလုပ်နိုင်ဘဲနဲ့ ပြည်သူလူထု အဆဲခံဖို့အတွက် ဒီနေရာမှာ ဘယ်သူနေချင်မလဲ။

ဒါပေမယ့် ရိုးရိုးလေးပဲစဉ်းစားကြည့်။ ငွေမရှိလို့တော့ ဘာမှမလုပ်နိုင်ဘူး။ ထိုက်သင့်တဲ့ငွေကြေးတော့ ရှာရမှာပဲ။ ဒီနေရာမှာ ပြည်သူတွေနားလည်ဖို့ ထိုက်သင့်တဲ့ ငွေကြေးဆိုတာ ရှင်းပြဦးမယ်။ လက်ရှိမီတာခဟာ အခု တိုးမြှင့်ကောက်ခံတဲ့ဈေးနှုန်းနဲ့တွက်ရင်ကို အာဆီယံနိုင်ငံတွေထဲမှာ ဈေးအနည်းဆုံးဖြစ်နေပါသေးတယ်။ အာဆီယံနိုင်ငံတွေထဲမှာ မီတာခ ဈေးအကြီးဆုံးက ဖိလစ်ပိုင်ဖြစ်ပြီး တစ်ယူနစ်ကို ၂၇ ဒသမ ၈ ဆင့်ကျပါတယ်။ တစ်ဒေါ်လာမှာ ၁၀၀ ဆင့်ရှိပါတယ်။ ဈေးအနည်းဆုံးက မြန်မာနဲ့ ကမ္ဘောဒီးယားတို့ဖြစ်ပြီး အခုသတင်းစာမှာ ကြော်ငြာတဲ့တိုးမြှင့်တဲ့ဈေးနှုန်းကို ကိုယ့်ဘာသာကိုယ်တွက်ကြည့်ကြပါ။

ပထမဆုံးပြောချင်တာကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးရဲ့ ၃၀ ရာခိုင်နှုန်းပဲ EPC ဓာတ်အားပေးနိုင်သေးတယ်။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းဟာ လျှပ်စစ်မီးမရှိကြသေးဘူး။ အဲဒီတော့ ဒီဓာတ်အားခတိုးမြှင့်မှုဟာ နိုင်ငံတစ်ဝန်းလုံးရဲ့ ၃၀ ရာခိုင်နှုန်းမှာပဲ အကျိုးထိခိုက်မှုဖြစ်မယ်။ ဒီ့ထက်အသေးစိတ်ပြောရရင် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၉၆ မြို့မှာ ၂၂၄ မြို့ပဲ လျှပ်စစ်ဓာတ်အားရရှိတယ်။ ကျန် ၁၇၂ မြို့နယ်မှာ လျှပ်စစ်လုံးဝမပေးနိုင်သေးဘူး။ ဒီ့ကြောင့် ဒီလျှပ်စစ်ဓာတ်အားမပေးနိုင်သေးတဲ့မြို့တွေကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ EPC မှာ ပိုက်ဆံလိုတယ်။ ဒီ့ကြောင့် အရှုံးကြီးရှုံးနေရတဲ့ ဘဝကနေ အရှုံးလေးဖြစ်အောင် မီတာခ နည်းနည်းတိုးလိုက်ရတယ်။ မဖြစ်မနေလွန်းလို့ တိုးလိုက်ရတယ်။

အဲဒီတော့ လျှပ်စစ်မီးရှိတဲ့ နိုင်ငံရဲ့ ၃၀ ရာခိုင်နှုန်း (မြို့ပေါင်း ၂၂၄မြို့) မှာ နေထိုင်တဲ့ ပြည်သူလူထုတွေ ဘယ်လောက်နစ်နာမှုရှိသလဲ၊ တွက်ကြည့်ရအောင်။

သာမန်ပြည်သူအများစု(အဲယားကွန်းမရှိ၊ ရေခဲသေတ္တာမရှိ) ဟာ မီးကို စနစ်တကျချွေတာရင် ယူနစ် ၁၀၀ သို့မဟုတ် ၁၀၀ စွန်းစွန်းနဲ့ သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့အသေးစား အလတ်စားစက်မှုလုပ်ငန်းအများစုဟာ ၅၀၀၀ ယူနစ်အောက်ပဲရှိတယ်။ ဒါကြောင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိခိုက်မှုမရှိတာကိုလည်း တွေ့ရှိရတယ်။

ဓာတ်အားတစ်ယူနစ်ဟာ နှစ်ပေမီးချောင်းတစ်ချောင်း၊ နာရီ ၅၀ သုံးစွဲခြင်းဖြစ်တယ်။ အဲဒီတော့ ယူနစ် ၁၀၀ ဆိုရင် တစ်လကို နှစ်ပေမီးချောင်းတစ်ချောင်း၊ နာရီ ၅၀၀၀ ထွန်းလို့ရတယ်။ အဲဒီတော့ အိမ်တစ်အိမ်မှာ နှစ်ပေမီးချောင်း ငါးချောင်းပြိုင်ထွန်းရင် နာရီ ၁၀၀၀ ထွန်းလို့ရတယ်။ တစ်လကို နာရီ ၁၀၀၀ ဆိုတော့ တစ်နေ့ကို ပျမ်းမျှ ၃၅ နာရီလောက် နှစ်ပေ မီးချောင်း ငါးချောင်းထွန်းလို့ရတယ်။ လေးပေ ငါးချောင်းထွန်းရင်တော့ ၁၇ နာရီလောက် တစ်နေ့ထွန်းလို့ရပါတယ်။ အဲဒီတော့ Lighting အတွက်တော့ သာမန်ပြည်သူတွေ ယူနစ် ၁၀၀ ဆို လုံလောက်ပါတယ်။

လက်ရှိမှတ်တမ်းများအရလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မီးသုံးသူဦးရေ ၉၈၀၀၀၀ ကျော်အနက် တစ်လမီတာယူနစ် ၁၀၀ အောက်ပဲ သုံးစွဲသူဦးရေ ၄၄၀၀၀၀ ကျော်ရှိနေပါတယ်။ ရာခိုင်နှုန်းဖြင့် ၄၅ ရာခိုင်နှုန်းလောက်ရှိတာကို တွေ့ရှိရပါတယ်။

ခုနမီတာတစ်ယူနစ်ရဲ့နှုန်းထားတွေကို ဆက်ပြီးတွက်ပြပါမယ်။ အဲဒီ ရေခဲသေတ္တာမရှိ၊ အဲယားကွန်းမရှိ၊ တွင်းရေချိုးတဲ့ ပြည်သူတွေထက် တစ်ဆင့်ထက်တစ်ဆင့် လူနေမှုမြင့်မားတဲ့ပြည်သူတွေမှာတော့ ဓာတ်အား ယူနစ် ၁၀၀ ကျော်သုံးရင် မူလ ၃၅ ကျပ်ကနေ တိုးပြီး ၅၀ ကျပ်ဖြစ်ပါမယ်။ လက်ရှိမှတ်တမ်းများအရ ဓာတ်အားခနှုန်းထားနှစ်ဆတက်တယ်ဆိုတဲ့ ဓာတ်အားသုံးစွဲသူဦးရေဟာ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရှိ မီးသုံးသူဦးရေ ၉၈၀၀၀၀ ကျော်အနက် ၃၈၄၀ ပဲရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၃၉ ရာခိုင်နှုန်းပဲရှိတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးများသာ ဖြစ်ပါတယ်။

အဲဒီတော့ ပြည်သူတွေ ဗဟုသုတဖြစ်ဖို့ ထင်သာမြင်သာအောင် ဓာတ်အားတစ်ယူနစ်အသုံးပြုနိုင်မှု ဥပမာပေးပါမယ်။

(၁) နှစ်ပေမီးချောင်းတစ်ချောင်း နာရီ ၅၀
(၂) လေးပေမီးချောင်းတစ်ချောင်း ၂၅ နာရီ
(၃) ၁၀၀၀ ဝပ် ထမင်းပေါင်းအိုးတစ်လုံး ၁ နာရီ
(၄) ၇၅၀ ဝပ် မီးပူတစ်လုံး ၁ နာရီ မိနစ် ၂၀
(၅) ၂၁ လက်မ တီဗွီတစ်လုံး+ဒီဗီဒီတွဲဖွင့် ၁၀ နာရီ

အဲဒီဟာတွေဟာ တစ်ယူနစ်ဖြစ်ပါတယ်။ ရေခဲသေတ္တာ၊ အဲယားကွန်းတွေကတော့ ဒီထက်များပါလိမ့်မယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရဲ့ ၃၀ ရာခိုင်နှုန်းပဲ EPC ဓာတ်အားပေးနိုင်သေးတယ်။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းဟာ လျှပ်စစ်မီးမရှိကြသေးဘူး။ အဲဒီတော့ ဒီဓာတ်အားခတိုးမြှင့်မှုဟာ နိုင်ငံတစ်ဝန်းလုံးရဲ့ ၃၀ ရာခိုင်နှုန်းမှာပဲ အကျိုးထိခိုက်မှုဖြစ်မယ်။ ဒီ့ထက် အသေးစိတ်ပြောရရင် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၉၆ မြို့မှာ ၂၂၄ မြို့ပဲ လျှပ်စစ်ဓာတ်အားရရှိတယ်။ ကျန် ၁၇၂ မြို့နယ်မှာ လျှပ်စစ်လုံးဝမပေးနိုင်သေးဘူး။ ဒီ့ကြောင့် ဒီလျှပ်စစ်ဓာတ်အားမပေးနိုင်သေးတဲ့မြို့တွေကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ EPC မှာ ပိုက်ဆံလိုတယ်။ ဒီ့ကြောင့် အရှုံးကြီးရှုံးနေရတဲ့ဘဝကနေ အရှုံးလေးဖြစ်အောင် မီတာခ နည်းနည်းတိုးလိုက်ရတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရှုံးပေါ်နေတဲ့ကိစ္စကိုလည်း ပြောဦးမယ်။ ဒါလည်း ထင်သာမြင်သာပဲပေါ့။ ဒါနဲ့ နေပါဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနက မပြောဘဲနဲ့ မင်းက ဘာကိစ္စ ဓားခုတ်ရာလက်ဝင်လျှိုနေရသတုံးလို့ ပြောရင် ကျွန်တော်ဟာ မြန်မာပြည်သားတစ်ယောက်ဖြစ်လို့ပေါ့။ တိုင်းပြည်ကို ကမ္ဘာ့အဆင့်မီ အင်မတန်ဖြစ်စေချင်တဲ့သူ၊ ကားမောင်းရင် လုံးဝ စည်းမဲ့ကမ်းမဲ့ မမောင်းတဲ့သူ၊ လမ်းပေါ်မှာ ကွမ်းတံတွေး လုံးဝမထွေးဖူးတဲ့သူ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ မီးအားမြှင့်စက်ကလေးတစ်လုံးတောင် မပတ်သက်ဖူးတဲ့သူ၊ ဘယ်ဝန်ကြီးဌာန ဘယ်ဝန်ကြီးဆီကိုမှ ဘယ်ခေတ်ကမှ မရောက်ဖူးတဲ့သူ၊ တိုင်းပြည်တာဝန်ကို နှစ် ၃၀ ထမ်းဆောင်ခဲ့ပြီးနောက် မြေတစ်ကွက်အိမ်တစ်လုံးမရှိတဲ့သူ၊ ပြည်သူတွေကို မတရားဖိနှိပ်ရင် သွေးပွက်ပွက်ဆူတဲ့သူ၊ တိုင်းပြည်ကောင်းစားဖို့ မိနစ်နဲ့အမျှ အရေးကြီးနေတဲ့အချိန်မှာ ဘေးလွယ်အိတ်တွေကို နည်းနည်းမှကြည့်လို့မရတဲ့သူ၊ ခရိုနီတွေကို ထိုင်ဆဲနေမယ့်အစား သူတို့လုပ်ခဲ့လို့ တိုင်းပြည်ရဲ့တချို့ကဏ္ဍတွေမှာ တိုးတက်လာတာ အသိအမှတ်ပြုပြီး ဒီပုဂ္ဂိုလ်တွေကို တိုင်းပြည်ထူထောင်ရေးမှာ သူတို့ရရှိထားတဲ့ နိုင်ငံပိုင်ငွေကြေးတချို့နဲ့ ဘယ်လိုစည်းရုံးပူးပေါင်းရမလဲ အမြဲစဉ်းစားနေတဲ့သူတစ်ယောက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ရေးသင့်တယ်ထင်လို့ ရေးပါတယ်။

ပြည်သူတစ်ယောက်အနေနဲ့ ရေးခွင့်ရှိပါတယ်။ စေတနာနဲ့ပြောလို့ အမုန်းခံရတာမျိုးလောက်ကတော့ အရေးထူနေလှပြီ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရှုံးပေါ်ပုံကို ပြောဦးမယ်။ မီတာတစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျငွေကို ဟောသည်မှာကြည့်ပါ။

- ကျောက်မီးသွေးနဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၁၀၀ ကျပ်
- သဘာဝဓာတ်ငွေ့နဲ့ မီတာတစ်ယူနစ်ထုတ်ရင်ကုန်ကျငွေ ၁၃၀ ကျပ်
- နေရောင်ခြည်စွမ်းအင်နဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၁၆၀ ကျပ်
- ရေအားလျှပ်စစ်နဲ့မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၅၀ ကျပ်မှ ၇၀ ကျပ်

အဲဒီတော့ ပေါင်းခြုံကြည့်ရင် မီတာတစ်ယူနစ်အတွက် ထုတ်လုပ်စရိတ် ၇၈ ကျပ် ကျပါတယ်။

နိုင်ငံတော်ရဲ့ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ရေအားလျှပ်စစ်က ၇၀ ရာခိုင်နှုန်းဖြစ်နေလို့ နွေမှာ ရေနည်းတဲ့အခါ ဓာတ်အားမလုံလောက်မှုရှိပါတယ်။

အဲဒီတော့ မီတာ တစ်ယူနစ်ရောင်းတိုင်း EPC က ၂၂ ကျပ်ရှုံးပါတယ်။ ဒါကြောင့် ဒီဆောင်းပါးအစမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တစ်နှစ်ကို အရှုံးငွေကျပ်ပေါင်း ၁၈၅ ဘီလီယံရှိတယ်လို့ ပြောခြင်းဖြစ်ပါ တယ်။ အဲဒီလို ရှုံးတဲ့အခါ ထုံးစံအတိုင်း ကြွေးတွေထူလာပါတယ်။ World Bank , ADB, JICA တို့က ချေးငွေတွေကလည်း ပြန်ဆပ်ရမှာ ဖြစ်တယ်။ အဲဒီလိုမလှုပ်သာ မလှည့်သာအခြေအနေရောက်လာတဲ့အတွက် အဲဒီငွေချေးထားတဲ့အဖွဲ့တွေကလည်း လျှပ်စစ်ဓာတ်အားကို ဒီလောက်ဈေးပေါပေါနဲ့ ရောင်းနေရင်တော့ ငါတို့အကြွေးတွေ ဒီတစ်သက် ပြန်ရစရာမရှိတော့ဘူးဆိုပြီး လျှပ်စစ်ဈေးကို နည်းနည်းတိုးမြှင့်ဖို့၊ အာဆီယံနိုင်ငံအားလုံးရဲ့ လက်ရှိဈေးနဲ့ ယှဉ်လိုက်ရင် မတန်တဆဈေးပေါနေလို့ ဗီယက်နမ်လို နိုင်ငံမျိုးမှာတောင် မီတာ တစ်ယူနစ် ၁၂ ဒသမ ၇၅ ဆင့်ပေးနေရတာ။ မြန်မာက ၃ ဒသမ ၇ ဆင့်ဆိုတော့ ဈေးနည်းနည်းတင်သင့်ကြောင်း အကြံပြုကြပါတယ်။

ပြီးတော့ ဒီလိုဈေးတက်တာဟာ ဝန်ကြီးတစ်ယောက်တည်းသဘောနဲ့ ဈေးတက်လိုက်စမ်းကွာလို့ ဆင်ခြင်မဲ့စွာ ဆုံးဖြတ်ခြင်းမဟုတ်၊ ဝန်ကြီးဌာနက လက်တမ်းလုပ်တာမျိုးမဟုတ်ဘူး။ မြန်မာနိုင်ငံထဲက စီးပွားရေးပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ World Bank, ADB, JICA တို့က ပညာရှင်တွေလေ့လာသုံးသပ်တင်ပြချက်တွေကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့တာဖြစ်တယ်။ အစိုးရအဖွဲ့ကို တင်ပြ၊ နောက်ဆုံး အစိုးရအဖွဲ့ရဲ့အတည်ပြုချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဆိုတာ ဘယ်လိုအကြောင်းကြောင်းကြောင့်ဖြစ်ဖြစ်၊ ချွေတာရမှာပါ။ ကိုယ့်အိတ်ထဲကပိုက်ဆံတစ်ပြားမှ မကုန်လည်း ချွေတာရမယ့်အမျိုးပါပဲ။ နိုင်ငံခြားမှာနေဖူးတဲ့သူအားလုံးအသိပါပဲ။ မလိုတဲ့မီး၊ ပန်ကာ၊ အဲယားကွန်း အကုန်ပိတ်ကြပါတယ်။

ဒီလို လျှပ်စစ်ဈေးနှုန်းတွေတက်လို့ ကုန်ဈေးနှုန်းတွေ တက်တော့မယ်ဆိုတာလည်း အတိုင်းအတာတစ်ခုအထိ မှန်ပါတယ်။ လျှပ်စစ်မီးကို အမှီပြုပြီးလုပ်ရတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ဝင်ငွေဟာ တစ်လကို သိန်း ၁၀၀ ရှိတယ်ဆိုရင် မီတာဈေးနှုန်းတက်သွားလို့ ၉၅ သိန်းပဲ ဝင်ငွေရှိမယ်၊ နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးဖို့၊ ပြည်သူတွေ မီးလင်းလင်းနေရဖို့၊ ဓာတ်အားစက်ရုံတွေ တည်ဆောက်နိုင်ဖို့ သူ့ဝင်ငွေထဲက မပြောပလောက်တဲ့ ပမာဏတော့စွန့်ရမှာပဲ။ ဒါပေမယ့် သူက သိန်း ၁၀၀ မှ သိန်း ၁၀၀ ပဲ၊ တစ်ပြားမှ မလျှော့နိုင်ဘူးဆိုရင်တော့ ကုန်ဈေးနှုန်းတွေ မြင့်တက်မယ်။ ပြည်သူတွေ စားဝတ်နေရေး ကျပ်တည်းလာမှာပဲ။

ခေတ်ကာလနဲ့ကြည့်ရင်တော့ ၁၉၈၀ ပြည့်နှစ်မှာ မီတာခ တစ်ယူနစ် ပြား ၅၀၊ ဆေးလိပ်တစ်လိပ် ၁၅ ပြား၊ လက်ဖက်ရည်တစ်ခွက် ပြား ၅၀၊ ဓာတ်ဆီ တစ်ဂါလန် သုံးကျပ်ခွဲကနေ ယခု ၂၀၁၃ ခုနှစ်မှာ ဆေးလိပ်တစ်လိပ် ၃၅ ကျပ်၊ လက်ဖက်ရည်တစ်ခွက် ၃၀၀ ကျပ်၊ ဓာတ်ဆီတစ်ဂါလံ ၄၀၀၀ ကျပ်ဆိုတော့ အဆပေါင်းတွေ ၁၀၀-၁၅၀ ဆလောက်တက်ချိန်မှာ မီတာခက ပြား ၅၀ ကနေ အခု ၃၅-၅၀ ကျပ်ဆိုတော့ သူလည်းပဲ အဆ ၇၀-၁၀၀ ဆလောက်တက်မှာ ဧကန်မုချပါပဲ။ မတန်တဆပိုပြီး တိုးမြှင့်တာ မဟုတ်ပါဘူး။

ဒါဟာ ပြည်သူလူထုကို ကျွန်တော်တင်ပြချင်တဲ့ မီတာခတိုးမြှင့်ရခြင်းအကြောင်းပါပဲ။ ဒီလောက်ပါပဲ။

ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ ပညာရေးသင်ထောက်ကူပစ္စည်းများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ နိုဝင်ဘာ ၉ ရက် နံနက် ၁၁နာရီခွဲက အလှူရှင်များစုပေါင်း၍ ပညာရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင်တစ်ဦးက “ကျွန်တော်တို့ ပထမအကြိမ်တုန်းကလည်း အခုလိုပဲ ကျောင်းသားကျောင်းသူတွေကို ကြာဆံကြော် အာဟာရလှူဒါန်းခဲ့ဖူးပါသေးတယ်။ အဲဒီမှာကျွန်တော်တို့ ကလေးတွေရဲ့ ပညာရေးနဲ့ပတ်သက်ပြီး လိုအပ်ချက်လေးတွေကို တွေ့ခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့တွေ ညှိနှိုင်းတိုင်ပင်ကြပြီး ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုဖို့ ဒီနှစ်မှာ အခုလို စုပေါင်းပြီး တတ်နိုင်သလောက် လာရောက်လှူဒါန်း ဖြစ်ကြတာပါ။ အခုလိုပဲ နောင်နှစ်တွေမှာလည်း လာရောက်လှူဒါန်းဦးမှာပါ” ဟု ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့်ခဲတံ၊အချိုရည်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၇၀ ကျော်နှင့် ဆရာ ဆရာမလေးဦးရှိပြီး လှူဒါန်းမှု စုစုပေါင်းမှာ စာအုပ် ၂၂ဒါဇင်နှင့် ခဲတံဒါဇင် ၂၀ဖြစ်ကြောင်း သိရသည်။ **ထွန်းအောင်ရှိန်(အင်းစိန်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုဆုံးဖြတ်

နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို အစီအစဉ် (၁၆) ခုဖြင့်ဆောင်ရွက်ခဲ့ပြီး ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **မြို့နယ်များအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများအား ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှတိုးမြှင့်ဆောင်ရွက်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေး၊ ရေပေးဝေရေးနှင့် မီးလင်းရေးလုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာလိုအပ်ချက်များရှိပါက ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့က စာရင်းပြုစုပြီး မြို့နယ်အထောက်အကူပြုအဖွဲ့၏ စိစစ်ထောက်ခံချက်နှင့်အတူ ဦးစားပေးအစီအစဉ်ဖြင့်တင်ပြ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလာပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **ပြည်ထောင်စုအစိုးရ၏ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီက ရောင်းချခဲ့သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းခွန်တိမ်းရှောင်မှုများအတွက် တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ငွေများပြန်လည်ကောက်ခံစေပါရန် နိုင်ငံတော်သမ္မတအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုအပေါ်လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ပညာရှင်များနှင့် သီးခြားအချိန်ယူ ဆွေးနွေးမှုများပြုလုပ်ကာ လွှတ်တော်သို့ ပြန်လည်တင်ပြရန်နှင့် ရရှိလာသည့်အဖြေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်မြတ်ဦး ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အဆိုသည် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်များရရှိရေး ရည်ရွယ်၍ တင်သွင်းသည့်အဆိုဖြစ်သည်ကို တွေ့ရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီ၏ တံဆိပ်ခေါင်းခွန်မဲ့ဖြင့် ရောင်းချပေးရန် ညွှန်ကြားချက်အပေါ် လိုက်နာဆောင်ရွက်ပြီး ဘဏ္ဍာရေးနှင့်ခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် တည်ဆဲဝင်ငွေခွန်၊ အမြတ်ခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်က **လျှပ်စစ်ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အခန်း (၁၆) ခန်းနှင့် ပုဒ်မပေါင်း(၆၈)ခုပါရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံစွမ်းအင်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရန် လိုအပ်လျက်ရှိပြီး လျှပ်စစ်ကဏ္ဍအရှိန်အဟုန်ဖြင့်တိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ခေတ်မီလျှပ်စစ်ဥပဒေတစ်ရပ် မလွဲမသွေလိုအပ်သဖြင့် ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၄ ခုနှစ်ကပြဋ္ဌာန်းထားသော လျှပ်စစ်ဥပဒေရှိသော်လည်း ယခုမျက်မှောက်ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိတော့ကြောင်း သိရသည်။

ထို့အတူ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့သည်။

အဆိုပါဥပဒေကြမ်းတွင် အခန်း (၉)ခန်းနှင့်ပုဒ်မပေါင်း (၁၀)ပါရှိပြီး တိုင်းရင်းသားလူမျိုးများ အားလုံးတန်းတူညီမျှမှု အခွင့်အရေးများရရှိရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း ရိုင်းပင်းကူညီကာ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ရန် ရည်ရွယ်၍ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားလူမျိုးတစ်မျိုးရဲ့ ရေရှည်ရှင်သန်မှုဟာ အဲဒီတိုင်းရင်းသားလူမျိုးရဲ့စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနဲ့ဓလေ့ထုံးတမ်း၊ ရှင်သန်မှုအပေါ်မှာ မူတည်နေပါတယ်။ လူနည်းစုဖြစ်တဲ့၊ ကွယ်ပျောက်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကို ဖော်ထုတ်တာ၊ ထိန်းသိမ်းတာ၊ စောင့်ရှောက်တာနဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုးတက်ဖွံ့ဖြိုးမှု နှောင့်နှေးနေတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးတွေကို လိုအပ်သလို ပေါင်းစပ်ချိတ်ဆက်ပေးဖို့ အဓိကတာဝန်ယူဆောင်ရွက်ပေးမယ့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတစ်ခုကို မလွဲမသွေဖွဲ့စည်းဖို့ လိုအပ်လာမှာဖြစ်ပါတယ်"ဟု အဆိုရှင် ဦးတီခွန်မြတ်က ထည့်သွင်းတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့သော **ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့်ဥပဒေကြမ်း ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက ဆွေးနွေးခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြု ဆုံးဖြတ်ခဲ့သည်။

အလားတူ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားခြင်းမရှိဘဲ အားကစား၊

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုနှင့်ပြည်သူ့ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းစိစစ်ခဲ့မှုတို့အပေါ် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက တင်ပြပြီး ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲချက်များအတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားရှင်းလင်းခဲ့ပြီး ၎င်းတင်ပြချက်ကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

အလားတူ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီဝင် ဦးခင်မောင်ညိုက ဖတ်ကြားတင်သွင်းခဲ့သည်။

ထို့အတူ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က **လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်သည့်မြို့၊ ဒေသတွင် အထိမ်းအမှတ်အခမ်းအနားများကျင်းပရာ၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းပါဝင်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ဆောင်ရွက်သွားရန်** အရေးကြီးအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

ဝန်ကြီးဌာနအနေဖြင့် အန္တရာယ်မဖြစ်နိုင်သည့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ Mobile Phone သုံးစွဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိကျသည့် သုတေသနပြုချက်များနှင့် လူထု၏ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်သည့်အကြောင်း တစ်စုံတစ်ရာရှိလာပါက မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးခြင်းနှင့် လိုအပ်သည့် အကြံပြုချက်များကို ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **Mobile ဖုန်းနှင့် ကျန်းမာရေးဆက်စပ်မှု ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက Mobile Phone သုံးစွဲပုံစနစ်မကျပါက လူ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါကြောင်း၊ သုံးစွဲမှုအပေါ်မူတည်၍ ထိခိုက်နိုင်စွမ်းရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားပါကြောင်း၊ Mobile Phone များကို နာရီနှင့်ချီ၍ ဆက်တိုက်မသုံးစွဲသင့်ကြောင်း၊ ဓာတ်ဆီဆိုင်များတွင် အသုံးပြုပါက လူ၏ကျန်းမာရေးအပြင် ပေါက်ကွဲမှုများပါ ဖြစ်ပွားနိုင် ပါကြောင်း၊ မိုးကြိုးပစ်နေသည့် အချိန်မျိုးအသုံးပြုပါက ခန္ဓာကိုယ်အတွင်းသို့ မိုးကြိုးဝင်ရောက်မှုရှိနိုင်ပါကြောင်း၊ Mobile Phone အား ခန္ဓာကိုယ်နှင့်ကပ်၍ မထားသင့်ကြောင်း၊ ဘောင်းဘီ၊ အင်္ကျီအိတ်အတွင်းထည့်ခြင်းမျိုး၊ အိပ်သည့်အခါ ဦးခေါင်းအနားတွင် ကပ်ထားခြင်းမျိုး မပြုလုပ်သင့်ကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိ Mobile ရေဒီယို စခန်းများတွင် တပ်ဆင်ထားသော စက်ပစ္စည်းများမှာ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော အသိအမှတ်ပြု စက်ပစ္စည်းများဖြစ်ပြီး သတ်မှတ်ထားသော နည်းစနစ်များအတိုင်း ရေဒီယိုစက်ပစ္စည်းများနှင့် တာဝါတိုင်(Antenna)တို့ကို တည်ဆောက် တပ်ဆင်ထားပါကြောင်း။

သို့ဖြစ်ပါ၍ ၎င်းရေဒီယိုစခန်းများမှ လွှင့်ထုတ်သောလှိုင်းများသည် လူတို့၏ကျန်းမာရေးကို ထိခိုက်မှုမရှိနိုင်ပါကြောင်း၊ လက်ရှိပြည်သူများ အသုံးပြုသည့် Mobile Phone Handset များသည် နိုင်ငံတကာတွင် အသုံးပြုနေသော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော Handset များကို စနစ်တကျ အသုံးပြုမည်ဆိုပါက ကျန်းမာရေးထိခိုက်မှုမရှိနိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅) ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည့်စုံကိုက်ညီစေရန် နိုင်ငံတော်အနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည်ကိုသာ သုံးသပ်အကြံပြု တင်ပြလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်များကိုပြန်ကြည့်လျှင် ပုဒ်မ ၁၆ တွင် နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်ဟု အခြေခံမူအဖြစ်ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၇ နှင့် ၅၈ တွင်လည်း အလားတူပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတွင် တစ်ဦးတည်းရှိသည့်အတွက် ၎င်းသမ္မတသက်တမ်းကာလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဂုဏ်ပုဒ်များနှင့်အညီ ထိုက်ထိုက်တန်တန် ချီးမြှင့်သော လစာငွေပမာဏသည် နိုင်ငံ့ဘဏ္ဍာအနေဖြင့် ပြောရလောက်အောင် များပြားကုန်ကျခြင်းမရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ ရရှိကြသည့် ချီးမြှင့်ငွေ နှုန်းထားနှင့် နှိုင်းယှဉ်ပါက အလယ်အလတ်သာမန်နှုန်းထားထက်ပင် နည်းပါးနေပါက နိုင်ငံ့ဂုဏ်ဒြပ်ကို ထိခိုက်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

မွန်ပြည်နယ် မဲဆန္ဒ နယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိစေရန် နိုင်ငံ့ဂုဏ်ဒြပ်ကိုလည်း မထိခိုက်စေရန်အတွက် နိုင်ငံတော်သမ္မတအတွက် လစာချီးမြှင့်ငွေကို ပိုမိုသင့်လျော်သည့် *စာမျက်နှာ ၈ သို့*

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများ ဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများသည် နှစ်စဉ်မိုးခေါင်မှုများနှင့် ကြုံတွေ့နေရပြီး သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးခဲ့ရသောကြောင့် စိုက်ပျိုးရေး အဓိကမှီခိုရသည့်ဒေသများ စီးပွားရေးဖွံ့ဖြိုးမှု ထိခိုက်စေခဲ့ကြောင်း။

စီးပွားရေး ထိခိုက်နစ်နာသည်နှင့်အညီဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တစ်နှစ်ပြီးတစ်နှစ် တဖြည်းဖြည်းနိမ့်ပါးခဲ့ရကြောင်း၊ ယခုလိုအခြေအနေများအရ နိုင်ငံတော်သမ္မတကြီးက အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ လေ့လာမှုများပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးမှုရရှိအောင် အကောင်အထည်ဖော်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုအကောင်အထည်ဖော်ကြမည့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည်လည်း တခြားသော ကျေးလက်ဒေသများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များနှင့် အတူတူပင်ဖြစ်ပါကြောင်း။

အရေးတကြီး ပိုလာမှုတစ်ခုသည် ဒေသအတွက် ရေလုံလုံလောက်လောက် ရရှိအောင်နှင့် ရလာသည့်ရေကို အလဟဿ မဖြစ်ရအောင် ထိန်းသိမ်းပြီး အကျိုးရှိရှိ အသုံးချသွားနိုင်ကြရန်၊ အသုံးချသွားနိုင်အောင်လည်း နည်းလမ်းများ ရှာကြံဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ကြရာတွင် ပြည်တွင်းမှ ရရှိနိုင်သမျှ နည်းပညာနှင့် ငွေကြေးအပြင် ပြည်ပက ရရှိနိုင်မည့် နည်းပညာနှင့် ငွေကြေး အထောက်အပံ့ရရှိအောင် မည်ကဲ့သို့ ရှာကြံဆောင်ရွက်ကြရမည်ကိုလည်း ဆွေးနွေးအဖြေရှာကြစေလိုပါကြောင်း။

မြန်မာနိုင်ငံသည် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်ရှိသည့်နိုင်ငံ၊ သဘာဝ သယံဇာတလည်းကြွယ်ဝသည့်နိုင်ငံ၊ လူဦးရေလည်း သင့်တင့်မျှတမှု၊ ရာသီဥတုလည်း တခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မျှတသည့်ရာသီဥတု သဘာဝပေးထားမှုများကို စေတနာပါပါ၊ အကျိုးရှိရှိ အသုံးပြုနိုင်ကြမည်ဆိုလျှင် တောရောမြို့ပါ ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် ရောက်ရှိနိုင်ကြမည်ဖြစ်ပါကြောင်း။

အပူပိုင်းမိုးနည်းရပ်ဝန်း (Central Dry Zone) နှင့် ပတ်သက်၍ လွန်ခဲ့သည့် ၉-၉-၂၀၁၃ ရက်တွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအနေဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးအပ်ပြီး စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး(၃)ခုတို့၏ အစိုးရအဖွဲ့များနှင့် တွေ့ဆုံ၍ညှိနှိုင်းခဲ့မှုသည် ယခုအချိန်တွင် စီမံချက်(မူကြမ်း) တစ်စောင် ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်(မူကြမ်း)အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးမှုများ ပြုလုပ်၍ ဦးစားပေးအစီအစဉ်၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်များ အသေးစိတ်ရေးဆွဲနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေး သွားကြရမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး(၃)ခုတို့မှ အစိုးရအဖွဲ့များအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပေါင်းစပ်ရေးဆွဲထားသည့် စီမံချက်(မူကြမ်း)အပေါ် လေ့လာသုံးသပ်၍ မည်သည့်အချက်များက ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ မည်သည့်အပိုင်းများကို ပထမဦးဆုံးအကောင်အထည်ဖော်နိုင်မည်၊ မည်သည့် အခန်းကဏ္ဍများကို တာဝန်ယူဆောင်ရွက်ပေးနိုင်မည်စသည်ဖြင့် ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ပေးရန်လိုအပ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးများ၊ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် အခြေအနေအရပ်ရပ်သုံးသပ်၍ ပွင့်ပွင့်လင်းလင်းဖြင့် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာစိန်လှဗိုလ်က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီရင်ခံစာ၊ WFP မှ ဦးသောင်းငွေးက အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝရေး လေ့လာချက်မှ တွေ့ရှိချက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အကူအညီပေးရေးအဖွဲ့များဖြစ်သည့် Lift Fund ရန်ပုံငွေဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Andrew Kirkword ၊ WFP မှ Country Director Mr. Domenico Scalpelli ၊ Italian Development Cooperation အကြံပေး Mr. Gian Malio Agostini ၊ UNDP နေပြည်တော်ရုံးတာဝန်ခံ ဦးမောင်မောင်ကျော်နှင့် ကမ္ဘာ့ဘဏ် အကြံပေး Mr. Cesar Umalina တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယသမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားပြုလုပ်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate) ကို **“ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်”** စာတမ်းခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးချုပ် ခင်မောင်အေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး စာတမ်းရှင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က အပြန်အလှန်ဆွေးနွေးပွဲနှင့် ပတ်သက်သည့် အကြောင်းအရာကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးငွေးမောင်၊ ဒေါက်တာထွန်းလွင်၊ ဦးဆလိုင်းခွဲယန်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် စာတမ်းရှင် ဒေါက်တာချစ်စံ (ချစ်စံဝင်း)က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ နိုင်ငံခြားရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာချင်ချန်ဇီ၊ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မဒမ်ဖုရင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာ အိုင်ပင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလုလျူချင်မင်နှင့် လည်းကောင်း၊ ကွမ်းချိုပြည်နယ် အမျိုးသားပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ မဒမ်လဲ့ယူလန်တို့နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းကျော်၊ ဦးခင်မောင်ရွှေ၊ ဦးဟန်စိန်၊ ဦးကျော်မြင့်၊ ဦးဇင်ဝမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဦးမင်းခိုင်တို့လည်း လိုက်ပါသွားကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာချင်ချန်ဇီနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

နှုန်းထားဖြင့် သတ်မှတ်ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးတို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆွေးနွေးချက်များသည် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံတင်ပြချက်ပါ အတိုင်းဖြစ်သည့်အတွက် ဆုံးဖြတ်မည့်ရက်ကို ထပ်မံသတ်မှတ်ပေးမည်ဖြစ်ကြောင်းကြေညာသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး တို့က ဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည်က “ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံး၏ အခြေခံဖြစ်ပါတယ်။ နိုင်ငံတွင်းမှာရှိတဲ့ ဥပဒေတွေအားလုံးနဲ့ ဆန့်ကျင်ကွဲလွဲနေတယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်က အတည်လို့မှတ်ယူရပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့အောက်မှာ အားလုံးက တစ်ပြေးညီ ဖြစ်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်တဲ့အခါမှာ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး အာဏာတွေဟာ ညီညွတ်မျှတဖို့ လိုအပ်ပါတယ်။အခုဖြစ်ပေါ်နေတဲ့ အခြေအနေတွေ အားလုံးကို အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ သုံးသပ်ချက်အရ မမျှမတဖြစ်နေတာအချို့ရှိနေတယ်လို့သိရပါတယ်။ မျှမျှတတ ဖြစ်သွားဖို့အတွက် ယေဘုယျ သဘောနဲ့ဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လွှတ်တော်အတွင်းမှာဆောင်ရွက်မှုတွေ ရှိသလို လွှတ်တော် ပြင်ပမှာလည်း ပြည်သူလူထုရဲ့ အသိပညာနဲ့ အတွေ့အကြုံတွေ တိုးတက်စေဖို့အတွက် ဟောပြောပွဲတွေ၊ တွေ့ဆုံဆွေးနွေးပွဲတွေကို ဆောင်ရွက်ပေးရပါတယ်။ ဒီလိုမျိုး ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ အပြည့်အဝဆောင်ရွက်နိုင်ဖို့ အခုဥပဒေကြမ်းကော်မတီရဲ့ တင်ပြသုံးသပ်ချက်တွေဟာ သဟဇာတဖြစ်ပါတယ်။ ဖြစ်နေတာရယ်၊ ဖြစ်ချင်တာရယ်၊ ဖြစ်သင့်တာရယ်ကို ဆောင်ရွက်ပေးဖို့ တောင်းဆိုခြင်းဖြစ်ပါတယ်”ဟု ပြောပြခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက “ဥပဒေကြမ်းကော်မတီအနေနဲ့ လွှတ်တော်တစ်ခုလုံးရဲ့ကိုယ်စား လေ့လာသုံးသပ်ပြီး လိုအပ်ချက်အရ တင်ပြတာလို့ မြင်ပါတယ်။ လိုအပ်ချက်ဆိုတာ နဂိုမူလရှိခဲ့တဲ့ဥပဒေကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ ကာလကြာရှည်သွားရင် ဥပဒေဟာ ပြောင်းလဲသွားနိုင်ပါတယ်။ ဥပမာ ပြောရရင် အဆောင်အယောင်နဲ့ ခွင့်ပြုထားတာတွေကို မယူဘူး။ နိုင်ငံတော်အတွက် လျှော့ယူတယ်ဆိုတာ သိပ်ကောင်းတဲ့လက္ခဏာ ဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေနဲ့ မကိုက်ညီဘူးဆိုရင် ဥပဒေနဲ့ ညီအောင် ပြင်ပေးရပါမယ်။ ဥပဒေရှိရင် ဥပဒေနဲ့ညီအောင် ပြင်ပေးသင့်တယ်လို့မြင်ပါတယ်။ အခုလိုသုံးသပ်တာက တစ်ဦးတည်း ပုဂ္ဂလိကအမြင်ဖြစ်ပါတယ်။ လွှတ်တော်မှာလည်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြပါတယ်။ အခု ဆွေးနွေးနေတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး နိုင်ငံတကာ စံနှုန်းနဲ့ ခေတ်ကာလ အခြေအနေကိုလည်း လေ့လာသင့်ပါတယ်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အသုံးစရိတ်တွေကို ပြင်ဆင်ဖို့လည်း လိုအပ်ပါတယ်”ဟု ပြောပြခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက “ဥပဒေကြမ်းကော်မတီတွေရဲ့ အစီရင်ခံစာတွေကို ထောက်ခံပါတယ်။ ဒီနေ့ အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လိုအပ်ချက်နဲ့ နိုင်ငံတကာနဲ့ ဘယ်လိုကွာဟချက်ရှိသလဲဆိုတာကို ဆွေးနွေးသွားကြပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍတွေရှိပါတယ်။ အုပ်ချုပ်ရေးအပိုင်းမှာ မလိုအပ်ဘဲနဲ့ အကုန်အကျများနေတာတွေ ရှိပါတယ်။ အဲ့ဒါတွေကို လွှတ်တော်အနေနဲ့ ထိန်းညှိဖို့ ဆွေးနွေးသွားကြပါတယ်”ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၃ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နောင်လာမည့်ကာလဝက်တွင် စီမံချက်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပိုမိုကောင်းမွန်သော ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများကို ဆွေးနွေးတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် တွေ့ရှိရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရေး၊ ရှေ့လုပ်ငန်းစဉ်များ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူထုအတွက် ဖွံ့ဖြိုးမှုအကူအညီများ ပိုမိုထိရောက်စေရေးအတွက် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် (Country Programme Action Plan-CPAP) (၂၀၁၁-၂၀၁၅) ကာလဝက် ပြန်လည်သုံးသပ်ရေး(Mid Term Review -MTR) အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ယနေ့ နံနက် ၉ နာရီတွင်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် **(အပေါ်ယာပုံ)** က မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံ၏ လူမှု-စီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ပေးနေသော နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်ပြီး ကလေးသူငယ်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးမှု၊ အကာအကွယ်ပေးရေးနှင့် ထိခိုက်ခံစားလွယ်သော ကလေးသူငယ်များ လူ့အဖွဲ့အစည်းတွင် ပါဝင်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ကျေးလက်နှင့်မြို့ပြအကြား ခြားနားချက်များလျှော့ချရေးကို အဓိကရည်ရွယ်ပါကြောင်း၊ ယခုပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ယူနီဆက်မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုးတက်မှုများကို လေ့လာသုံးသပ်ပြီး နောင်လာမည့်ကာလဝက်တွင် စီမံချက်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပိုမိုကောင်းမွန်သော ရှေ့လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများကို ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက် ညွှန်ကြားရေးမှူး Mr. Daniel Toole က နောင်လာမည့်ကာလဝက်တွင် စီမံချက်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရရှိပြီးသော အတွေ့အကြုံများအပေါ် မူတည်၍ ပိုမိုကောင်းမွန်သော ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ရေး ပြောကြားသည်။

မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) တွင် ပါဝင်သည့် စီမံချက်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက အခြေခံပညာရေးနှင့် ကျား၊ မ သာတူညီမျှရှိမှု၊ ကလေးသူငယ်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးမှု၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးမူဝါဒများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်သူ့လွှတ်တော်လူမှုရေးနှင့်လူဦးရေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြဦး၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဒေါက်တာဒေါ်ခင်စန်းရီ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီတို့မှကိုယ်စားလှယ်များ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက် ညွှန်ကြားရေးမှူး Mr. Daniel Toole၊ ရန်ကုန်မြို့ ယူနီဆက်ကိုယ်စားလှယ် Mr. Bertrand Bainvel၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ကိုယ်စားလှယ်များနှင့် စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ အာဆီယံနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် တစ်ယူနစ် ၂၇၂ ဒသမ ၄၄ ကျပ်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တစ်ယူနစ် ၂၃၅ ဒသမ ၂ ကျပ်နှုန်း၊ စင်ကာပူနိုင်ငံတွင် တစ်ယူနစ် ၁၆၉ ကျပ်နှုန်း ကောက်ခံလျက်ရှိ။

✳ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်နေသည့်အတိုင်း အခြေခံလူတန်းစားများအတွက် သက်သာချောင်ချိမှုရရှိစေနိုင်သော အလွှာလိုက် ဓာတ်အားခ ကောက်ခံမှုစနစ် ဆောင်ရွက်ခြင်းဖြစ်။

✳ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားများများသုံးစွဲသူထံမှ ပိုမိုကောက်ခံရရှိသော ဝင်ငွေဖြင့် ယနေ့အချိန်တွင် ဒေသမီးလင်းရေးအစီအစဉ်အရ တစ်ယူနစ် ငွေကျပ် ၄၀၀ ကျော် ပေးချေသုံးစွဲနေရသည့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့များကို နိုင်ငံတော်မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးပေးနိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်။

ပျက်စီးသွားသော ကျေးရွာချင်းဆက် သစ်သားတံတား ပြန်လည်ကောင်းမွန်

တပ်ကုန်း နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အောက်တိုဘာ ၂၅၊၂၆ ရက်က နှစ်ရက်ဆက်တိုက် ရွာသွန်းခဲ့သော မိုးကြောင့် သပြေချောင်း- ရွှေမြို့ အရှေ့ကျေးရွာကို ဆက်သွယ်ထားသော ဆင်သေချောင်းပေါ် တည်ဆောက်ထားသည့် စိန်နှင့်ရွှေ ပေါင်းကူးသစ်သားတံတားသည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက နဝင်းချောင်းနှင့် ဆင်သေချောင်း ပေါင်းဆုံတိုက်စားခြင်းခံရကာ ၁၅ ပေရှည် အခန်းလေးခန်း ရေစီးဖြင့် မျောပါပျက်စီးခဲ့သည်။

အဆိုပါတံတားကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် မြို့နယ်တာဝန်ရှိသူများက ကြီးကြပ်၍ စေတနာရှင်နှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းတည်ဆောက်မှုကြောင့် ၁၅ ပေအရှည် အခန်းလေးခန်းကို ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည်။ ယနေ့ သပြေချောင်းကျေးရွာမှ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် ရွှေမြို့အုပ်စုအတွင်းရှိ ဈေး၊ အထက်တန်းကျောင်းတို့ကို တံတားပေါ်မှ အလွယ်တကူ သွားလာနိုင်သကဲ့သို့ ရွှေမြို့အရှေ့ကျေးရွာဘက်ခြမ်းမှ ရွှေမြို့အရှေ့၊ ရွှေမြို့အနောက်၊ ဘူတာ၊ ဘောဂ၊ သရက်ပင်၊ ပင်းစု၊ ကံလှ၊ ကျေးရွာများတို့မှ ဒေသခံပြည်သူများ တပ်ကုန်းမြို့သို့ ကား၊ ဆိုင်ကယ်များဖြင့် ပုံမှန်သွားလာနေပြီဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၄၁၇)**

ပြည်တွင်းသတင်း

သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ

လယ်တွင်းသား စောချစ်

မြန်မာနိုင်ငံတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို 'စာဆိုတော်နေ့' အဖြစ် သတ်မှတ်ထားသည်။ နတ်တော်လမှာလည်း စာဆိုတော်လဖြစ်၍ စာပေဟောပြောပွဲများ ကျင်းပကြသည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လတွင် စာဆိုတော်ကြီးများကို ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိသည်။

ယခုမျက်မှောက်ကာလမှာလည်း နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်က ချီးမြှင့်လျက်ရှိပါသည်။

ထိုသို့နိုင်ငံတော်က ချီးမြှင့်သည့်အပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုစသည့် ပုဂ္ဂလိကစာပေစေတနာရှင်များကလည်း ထူးချွန်သော စာပေပညာရှင်များကို ထိုက်တန်စွာ စာပေဆုများချီးမြှင့်ခြင်းဖြင့် စာပေကို မြင့်စေကြပါသည်။

စာဆိုတော်နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံစာရေးဆရာအသင်းသည် အသက် ၈၀ မှစပြီး အသက် ၈၀ ကျော်အရွယ်ရှိကြသော သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ စာပေပညာရှင်ကြီးများသည် အလိမ္မာရှိသောစာ၊ နိုင်ငံ၊ လူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ အသိအမြင် ဉာဏ်ပညာဖြစ်စေသော စာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသောစာများစွာတို့ကို ရေးသားပြုစုခဲ့ကြသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုသော သုတစာပေ၊ ရသစာပေတို့ကို ဖတ်ရှုလေ့လာခြင်းဖြင့်နိုင်ငံသူနိုင်ငံသားများ အသိအလိမ္မာဉာဏ်ပညာ ကြီးမြင့်ရသည်။ နိုင်ငံလူမျိုး ချစ်မြတ်နိုးစိတ် ဖြစ်ရသည်။ အမှန်နှင့်အမှား၊ တရားနှင့်မတရား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် ခွဲခြားသိမြင်စေသည်။

စာပေပညာရှင်ကြီးများရေးသားပြုစုခဲ့သည့်စာများကြောင့် လူတစ်ဦးချင်းစီကို အောင်မြင်စေသည်။ တိုးတက်စေသည်။ အေးချမ်းစေသည်။ ကောင်းကျိုးများစွာရစေသည်။ ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကျေးဇူးမှာ ကြီးမားလှပါသည်။ ယခုအခါ ဆရာကြီး ဆရာမကြီးများ အသက်အရွယ်ကြီးရင့် အိုမင်းကြလေပြီ။ ထို့ကြောင့် ဆရာကြီး ဆရာမကြီးများ၏ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိကို ဆင်ခြင်အောက်မေ့၍ လေးစားရိုသေစွာ စာပေကန်တော့ပွဲ ဆင်နွှဲကြခြင်းဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် ပထမအကြိမ် စတင်ကန်တော့စဉ်က ကန်တော့ခံသက်ကြီးစာပေပညာရှင်မှာ ၁၀ ဦးသာရှိပါသည်။ ၁၉၉၅ ခုနှစ်တွင် ၄၂ ဦးထိ တိုးလာပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ကန်တော့နိုင်ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်ပြည်လုံးမှ စာပေပညာရှင်ကြီးများကို ကန်တော့ပါသည်။ ၆၆ ဦးထိ တိုးလာပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ၁၀၀ ကျော်အထိရှိလာသည်။ မနှစ်က ၂၀၁၂ ခုနှစ်တွင် ကန်တော့ခံ ၁၇၀ အထိရှိသည်။ ဆရာကြီး ဆရာမကြီးများကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့်ဆေးဝါး၊ စာအုပ်စာပေများကို လှူဒါန်းနိုင်ခဲ့သည်။ ရွှေသံလွင်စကိုင်းနက်ရုပ်သံမှ ဆရာကြီး ဆရာမကြီးများကို စကိုင်းနက်ရုပ်သံဖမ်းစလောင်းနှင့်တကွစက်များ အိမ်တိုင်ရာရောက် တပ်ဆင်လှူဒါန်းခဲ့ပါသည်။ ယခုနှစ်တွင် အသစ်တိုးလာသူများရှိသကဲ့သို့ ကွယ်လွန်သူများလည်းရှိရာ ကန်တော့ခံစာပေပညာရှင် ၁၇၁ ဦးဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ကန်တော့ခံစာပေပညာရှင်ကြီးများကို အနည်းဆုံး ငွေကျပ် နှစ်သိန်းစီကန်တော့နိုင်ရန် ကြိုးစားပြီး အလှူခံလျက်ရှိပါသည်။ နှစ်စဉ်မှာပင် နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်၊ မန္တလေးမြို့တော်စည်ပင်နှင့်ကုမ္ပဏီအဖွဲ့အစည်းများက လှူဒါန်းကြသည်။ အများဆုံးလှူဒါန်းငွေရသည်မှာ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများထံမှ ဖြစ်သည်။ စာရေးဆရာများ၊ ပုဂ္ဂလိကစေတနာရှင်များကလည်း လှူဒါန်းကြပါသည်။

မိမိတို့ကိုယ်တိုင် စာအုပ်စာပေများကို ဖတ်မှတ်လေ့လာခြင်းဖြင့် အသိအလိမ္မာ၊ ဉာဏ်ပညာကြီးမြင့်၍ လုပ်ငန်းများ အောင်မြင်တိုးတက်ခြင်း၊ မိမိတို့ဘဝကို ကောင်းမွန်မှန်ကန်စွာ စောင့်ရှောက်နိုင်ခြင်း၊ ပစ္စုပ္ပန်သံသရာကောင်းကျိုးရစေခြင်း ဂုဏ်ကျေးဇူးများကိုအောက်မေ့ဆင်ခြင်၍ မြန်မာနိုင်ငံအရပ်ရပ်မှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်စာပေမွေ့လျော်သူများခင်ဗျား၊ ယခုနှစ် ဒီဇင်ဘာ ၁ ရက် (၁-၁၂-၂၀၁၃) တွင် ကန်တော့ပူဇော်မည့် သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများကို ကန်တော့ပူဇော်ပွဲအမီ အလှူငွေများပါဝင်လှူဒါန်းလိုပါလျှင် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် စာပေဗိမာန် ဒုတိယအထပ် ရန်ကုန်မြို့သို့ ပေးပို့လှူဒါန်းနိုင်သည်။ ဖုန်းဖြင့်ဆက်သွယ်လှူဒါန်းလိုပါလျှင် ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁- ၃၈၅၂၇၃ ဖက်စ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကိုပူဇော်၍ စာပေချစ်မြတ်နိုးကြကုန်သော စေတနာရှင်များအား ပါဝင်လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်ခင်ဗျား။

ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝဲကြီးတံတား အသစ်တစ်ဖန် ပြန်လည်စတင်တည်ဆောက်

သတင်း-တင်မောင်လွင်

မကြာသေးမီရက်များက မိုးများ အဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့ပြီး ဆင်သေချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့သော နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားကို ဒေသခံပြည်သူများ ကူးလူးသွားလာမှုလွယ်ကူချောမွေ့စေရန် ယခုအခါ အသစ်တစ်ဖန် ပြန်လည်ဆောက်လုပ်နေပြီဖြစ်ကြောင်း ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူးထံက သိရသည်။

ယင်းတံတား ပျက်စီးသွားခဲ့မှုကြောင့် ချောင်းအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကျေးရွာများရှိ ဒေသခံပြည်သူများအတွက် ကူးလူးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုများတွင် အခက်အခဲများစွာဖြစ်ပေါ်နေကြောင်း သိရသည်။ နေ့စဉ်နှင့်အမျှ ကျောင်းတက်ကျောင်းဆင်းသွားလာနေကြရသည့် ကျောင်းသား ကျောင်းသူလေးများအတွက်လည်း ယခုအထိ လှေငယ်လေးများဖြင့်သာ ဖြတ်သန်းသွားလာနေရသောကြောင့် မိဘများအနေဖြင့် စိုးရိမ်ပူပန်နေရကြောင်း သိရသည်။

"ဒီဝဲကြီးတံတား ပျက်စီးသွားမှုကြောင့် ကျွန်တော်တို့ဒေသခံပြည်သူတွေရဲ့သွားလာရေး အတော်ကို အခက်အခဲဖြစ်ခဲ့ပါတယ်။ တံတားကတော့ အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ချောင်းရေတိုက်စားပြီး ရေနောက်မျောပါပျက်စီးသွားခဲ့တာဖြစ်ပါတယ်။ တံတားပျက်စီးသွားတော့ ချောင်းအရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းသွားတဲ့ ဒေသခံတွေအနေနဲ့ ယခုအထိ လှေငယ်လေးတွေကို အသုံးပြုပြီးသွားလာနေကြရတယ်။ ကျောင်းသားကျောင်းသူလေးတွေကိုလည်း နေ့စဉ်လှေနဲ့ပဲ ပို့ပေးနေရတယ်။ မိဘတွေအနေနဲ့လည်း ရေဘေးအန္တရာယ်အတွက် စိုးရိမ်နေကြရတယ်။ အခက်အခဲမျိုးစုံကြောင့် ဒီချောင်းကူးတံတားသစ်ကို အမြန်ဆုံးပြီးစီးအောင် တည်ဆောက်မှာဖြစ်ပါတယ်။ နိုဝင်ဘာ ၁၀ ရက်ကစပြီး တံတားတိုင်တွေ စတင်စိုက်ထူနေတယ်။ တံတားအတွက် နိုင်ငံတော်က ငွေကျပ် ၃၅ သိန်း ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ စုပေါင်းလက်ကျန်ငွေနဲ့လိုအပ်တဲ့ သစ်သားတွေကို ဝယ်တယ်။ ရေနောက်ပါသွားတဲ့ သစ်သားအချို့လည်း ပြန်လည်ဆယ်ယူရရှိတော့ ကုန်ကျစရိတ်တော့ နည်းနည်းသက်သာမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ ကူးလူးသွားလာရေးနဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေး လွယ်ကူအဆင်ပြေစေဖို့ ကျွန်တော်တို့ ရွာသူရွာသား စုစုပေါင်း ၇၀ ကျော်နဲ့ အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်မှာပါ"ဟု ဝဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ပြောပြသည်။

ပြည်တွင်းသတင်း

ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်မှုနှစ်ရှည်စီမံကိန်း (၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်) (အဆင့်မြင့်ပညာကဏ္ဍ) ဦးစားပေးအလိုက် လုပ်ငန်းစဉ် (၁၃) ခု

စဉ်	လုပ်ငန်းစဉ်
၁	Quality Assurance စနစ်တည်ထောင်ရန်နှင့် နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးလုပ်ငန်းအစီအစဉ်
၂	တက္ကသိုလ်စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းများ၊ ဆရာ ဆရာမများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်
၃	ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်
၄	နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်
၅	အင်္ဂလိပ်စာသင်ကြားမှုမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်
၆	နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ ဥပဒေဘာသာရပ်၊ စီးပွားရေးဘာသာရပ် သင်ကြားရေးမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်
၇	ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာန (Faculty) များ ဖွဲ့စည်းရေးလုပ်ငန်းအစီအစဉ်
၈	နိုင်ငံတော်၏ စီးပွားရေးနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုရန်နှင့် လိုအပ်သောအလယ်အလတ် ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများကို တက္ကသိုလ်များမှ အချိန်တိုအတွင်း မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှု၊ သက်မွေးပညာရပ် လေ့ကျင့်သင်ကြားရေး (Technical Vocational Education Training: TVET) သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ် (Human Resource Development Programme: HRD)ဖြင့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးလုပ်ငန်းအစီအစဉ်
၉	တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်း ဖန်တီးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်
၁၀	နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သောကွန်ရက်များ မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်
၁၁	တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ်
၁၂	ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်ရေးအစီအစဉ်
၁၃	ပြည်တွင်းပညာသင်ဆုများချီးမြှင့်၍ ဘာသာရပ်အလိုက် ထူးချွန်သောပညာရှင်များမွေးထုတ်မည့် လုပ်ငန်းအစီအစဉ်

၇-၁၀-၂၀၁၃ ရက်နေ့ ကျင်းပခဲ့သော လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲမှ ချမှတ်ခဲ့သော ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ၁၉ ရပ်

(၁) ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်

(၂) ပညာရှင်များ၏ အကြံဉာဏ်များကိုစုစည်းပြီး ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရန်

(၃) ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအဆင့်ရွေးချယ်သတ်မှတ်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်ရန်

(၄) ဝန်ထမ်းများကို မှန်မှန်ကန်ကန်သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာအချက်အလက်မှတ်တမ်းများကို စနစ်တကျသီးသန့်ထိန်းသိမ်းထားရှိရန်

(၅) ဝန်ထမ်းများအား ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းပြုလုပ်ရာတွင် ဝန်ထမ်းများ၏အရည်အသွေး၊ ကြိုးစားအားထုတ်မှုနှင့် ဆောင်ရွက်မှုရလဒ်ကိုအခြေခံ၍ စိစစ်ဆောင်ရွက်သည့်စနစ် ပိုမိုပီပြင်စေရေးဆောင်ရွက်ရန်

(၆) အဂတိလိုက်စားမှုပပျောက်ရေးအတွက် ပိုမိုထိရောက်သော ဆုပေးဒဏ်ပေးစနစ်ကို ထင်သာမြင်သာရှိအောင် ဆက်လက်ဆောင်ရွက်ရန်

(၇) ကျောင်းသားများ၏ အသက်အရွယ်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးဖတ်စာအုပ်များကို ပြန်လည်စိစစ်ပြီး ပြဋ္ဌာန်းပေးရန်

(၈) ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့ရန်၊ ၎င်းအဖွဲ့များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍမှ ပုဂ္ဂိုလ်များ ပြည့်စုံစွာပါဝင်သော အထူးတာဝန်ပေးအဖွဲ့ ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ရန်

(၉) ပညာရေးကဏ္ဍ၊ ပညာရေးလုပ်ငန်းများတွင် ပါဝင်ဆက်စပ်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာန/အဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်

(၁၀) သက်ဆိုင်ရာဒေသအတွင်းရှိ တက္ကသိုလ် ပညာသင်လိုသူများ၏ လိုအပ်ချက်ကိုအခြေခံ၍ တက္ကသိုလ်များတည်ရှိမှုနှင့် ပို့ချလျက်ရှိသော သင်ကြားရေးဘာသာရပ်အမျိုးအစားများကို ပြန်လည်ဆန်းစစ်ပြုပြင်ရန်

(၁၁) နိုင်ငံတကာတက္ကသိုလ်များနှင့် နားလည်မှု သဝဏ်လွှာ၊ သဘောတူညီမှုသဝဏ်လွှာများ ရေးထိုးခြင်းကိစ္စ၊ နိုင်ငံတကာတက္ကသိုလ်နှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများမှ ဧည့်သည်များလက်ခံတွေ့ဆုံခြင်း ကိစ္စအပါအဝင် လုပ်ငန်းလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့ ဆပ်ကော်မတီ (Delivery Unit) သို့ ဆက်သွယ်ဆောင်ရွက်ရန်

(၁၂) ပညာရေးဥပဒေရေးဆွဲရာတွင် သင်ကြားမှုစနစ်၊ အဆင့်၊ အမျိုးအစားအလိုက် ခွဲခြားရေးသားရန်

(၁၃) ဝန်ကြီးဌာနအသီးသီးရှိ ကျောင်းများ၏ ညနေကျောင်းအားချိန်များတွင် ဒေသနှင့်လိုက်လျောညီထွေသော အချိန်ပိုင်းသက်မွေးပညာသင်တန်း/လိုအပ်သည့် အသိပညာသင်တန်းများကို ပြည်တွင်း/ပြည်ပဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်

(၁၄) တက္ကသိုလ်များအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေတစ်ခုတည်းအပေါ်တွင် မှီခိုနေမည့်အစား လွတ်လပ်စွာ ရန်ပုံငွေရှာ သုံးစွဲတာဝန်ခံဆောင်ရွက်ခွင့်ရှိသော အခြေအနေကိုဖြစ်နိုင်ခြေရှိသော တက္ကသိုလ်များ၌ စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်

(၁၅) ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို ဖွံ့ဖြိုးစေသော သင်ကြား၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုစနစ်ကို တိုးမြှင့်ကျင့်သုံးရန်

(၁၆) ပညာရေးဝန်ထမ်းများ လူမှုဘဝမြှင့်တင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ တာဝန်ရှိသူများနှင့်ညှိနှိုင်းဆောင်ရွက်ရန်

(၁၇) လက်ရှိကျင့်သုံးနေသော စာမေးပွဲစစ်ဆေးမှုစနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် ဆန်းစစ်ရန်

(၁၈) အရည်အသွေးအာမခံချက်ရှိသော ပညာရေးစနစ်ကို ဖော်ဆောင်ရန်

(၁၉) အမျိုးသားအဆင့် အရည်အသွေး သတ်မှတ်ရေးမူဘောင် (National Qualification Framework- NQF)ကို ပီပီပြင်ပြင်ဖော်ဆောင်ရန်၊

မန္တလေးရွှေ့နေကြီးများ မဟာဘုံကထိန်ခင်းကျင်း

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးရွှေ့နေကြီးများ၏ (၂၇) ကြိမ်မြောက် မဟာဘုံကထိန် ခင်းကျင်းလှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၅-A လမ်းရှိ ရှမ်းတိုင်းရင်းသားများ သာရေး၊ နာရေးအသင်းတိုက်တွင် ကျင်းပပြီး နိုဝင်ဘာ ၁၀ရက် နံနက် ၇ နာရီက မဲကျရာ ကံကောက်ရပ်ကွက် ကုဋ္ဌာသယပရိယတ္တိစာသင်တိုက်သို့ သွားရောက်လှူဒါန်းသည်။

အဆိုပါရွှေ့နေကြီးများ ကထိန်တွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ကုဋ္ဌာသယပရိယတ္တိစာသင်တိုက် ဓမ္မာရုံဆောက်လုပ်လှူဒါန်းရန် ဝတ္ထုငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်း၊ အင်းဝလမ်း၊ အမှတ် ၃၆၊ ခြောက်လွှာ (ခေါင်းရင်းခန်း)နေ ဒေါ်ဂျူးဂျူး ၁၀/ရမန(နိုင်)၀၇၅၃၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသည့် အပြောအဆိုအပြုအမူ ကိစ္စရပ်များအားလုံးကို သည်းခံခွင့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။ ယနေ့မှစ၍ ထိုအပြုအမူအားလုံးကို ရပ်တန်းကရပ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နောက်ထပ် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့်စကား၊ စာစသည့်ကိစ္စများ ထပ်မံပြုလုပ်ခဲ့ပါလျှင် ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ဂျူးဂျူး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန်းသန်းရည်(ငါးသိုင်းချောင်း)
B.A(Law),LL.B,M.A(Business Law),D.B.L, D.M.L, D.I.L, PGDCA(Computer), B.D.S, E.D.S(MOFA)
တရားလွှတ်တော်ရှေ့နေ(၂၀၉၄)/စီးပွားရေးနှင့် အမွေဝေစုခွဲဝေခြင်းလုပ်ငန်း
၁၃၀၊၁၃၀(လေးထပ်)ဝဲ၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
Ph:09-5165160, 01-250217, Gmail-brightlystar09@gmail.com

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဘီ)၊ လူနေရပ်ကွက်အမှတ် (နံ့သာကုန်း)၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၂ ဒသမ ၉၄၅ဧကဟု ခေါ်တွင်သော မြေကွက်အနက် တရားဝင်မခွဲမစိတ်ရသေးသည့် မျက်နှာစာ (အနံ ၄၇'/၅၂') ရှေ့နောက် (အလျား ၆၂'/၆၂') ဧရိယာအကျယ်ပမာဏရှိသောမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားသည်နှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းစာ ၂၅-၁၀-၂၀၁၃ ရက်၌ပါရှိသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာနှင့် ကြေးမုံသတင်းစာ၏ ၃၀-၁၀-၂၀၁၃ ရက်နေ့၌ပါရှိသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာတို့အား နှစ်ဦးသဘောတူ ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာလွင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၉၀၈၈)
အမှတ် ၁၃၊ ဉာဏလမ်း၊ ကေရာဇ်ရပ်ကွက်၊ ထောက်ကြန့်မြို့၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာနိုင်ငံဆရာဝန်အသင်း
(အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃)
၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်
(၂၀၁၃ခုနှစ် နိုဝင်ဘာ ၇ရက်)
မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ၂၄-၈-၂၀၁၃ရက်တွင် ကျင်းပသော အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး (၆/၂၀၁၃) ဆုံးဖြတ်ချက် အပိုဒ် (၁၂-၂)အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

စဉ်	အမည်	ဆမန်ပါတ်	ကော်မရှင်တာဝန်
(က)	ဗိုလ်မှူးကြီးသန်းဇင်(ငြိမ်း)	၁၆၁၄	ဥက္ကဋ္ဌ
(ခ)	ဒေါက်တာဦးကျော်ဝင်း	၁၃၂၇	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဗိုလ်မှူးချုပ်မြသိန်းဟန်(ငြိမ်း)	၁၉၇၂	အဖွဲ့ဝင်
(ဃ)	ဒေါက်တာဦးလှမြင့်	၁၃၂၁	အဖွဲ့ဝင်
(င)	ဒေါက်တာဦးကျော်လွင်	၉၉	အဖွဲ့ဝင်
(စ)	ပါမောက္ခဒေါ်သိန်းသိန်းမြင့်	၁၈၁၄	အဖွဲ့ဝင်
(ဆ)	ပါမောက္ခဒေါ်ခင်သိန်းဦး	၂၈၃၄	အဖွဲ့ဝင်
(ဇ)	ပါမောက္ခဒေါ်ခင်မေအုန်း	၃၈၂၆	အဖွဲ့ဝင်
(ဈ)	ဒေါက်တာဦးကျော်မြင့်	၃၄၂၆	အဖွဲ့ဝင်
(ည)	ဒေါက်တာဦးမျိုးခင်	၆၁၀၈	အတွင်းရေးမှူး

ပါမောက္ခကျော်မြင့်နိုင်
ဥက္ကဋ္ဌ
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

၈-၁၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ဒေါ်မို့မို့ရှိန်နှင့် အထက်တန်းရှေ့နေဒေါ်သဇင်အောင်၊ ဒေါ်သဇင်နွယ်တို့၏ ပြန်လည်ကန့်ကွက်ကြေညာခြင်းကို အမြန်ပြန်လည်ရုပ်သိမ်းပေးရန်နှင့်
အများသိစေရန် ရှင်းလင်းကြေညာခြင်း

ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း ၁၂/မဂတ(နိုင်)၀၄၉၂၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အတိအလင်းရှင်းလင်းကြေညာအပ်ပါသည်။

၁။ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သမိုင်း၊ ဦးပိုင်အမှတ် ၂၂ အတွင်းရှိ မြေဧရိယာ ၄ ဒသမ ၆၈၂ဧကနှင့်ပတ်သက်၍ ဒေါ်မို့မို့ရှိန်၏ ပြန်လည်ကန့်ကွက်ကြေညာချက်များသည် မမှန်မကန်ကြေညာခြင်းသာ ဖြစ်ပါသည်။

၂။ ထိုမြေကွက်နှင့်ပတ်သက်၍ ဒေါ်မို့မို့ရှိန်မှ ဒေါ်ခင်မြင့်စံအပေါ် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့သော တရားမကြီးမှုသည် တရားရုံးချုပ်၏ ပထမ တရားမအယူခံမှုအမှတ် ၁၂၆/၂၀၀၇ အမိန့်အရ ပလပ်ခြင်းခံရခဲ့ပြီး ယနေ့တိုင်အတည်ဖြစ်နေပါသည်။ အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ ဒေါ်မို့မို့ရှိန်မှ ဒေါ်ခင်မြင့်စံ၏ပိုင်ဆိုင်မှုအား အသိအမှတ်ပြုပါကြောင်း ဝန်ခံကတိပြုရေးထိုးပေးခဲ့သည့်စာချုပ်ကို ပယ်ဖျက်ပေးစေရန် မရမ်းကုန်းမြို့နယ်တရားရုံးတွင် စွဲဆိုခဲ့သောတရားမကြီးမှုအမှတ်-၂၁/၂၀၁၂အမှုမှာလည်း ပလပ်ခြင်းခံခဲ့ရပြီး ထိုအမိန့်မှာလည်း ယနေ့တိုင်အတည်ဖြစ်နေပါသည်။

၃။ ဒေါ်မို့မို့ရှိန်ထံတွင်ရှိသည်ဆိုသော အချင်းဖြစ် မြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်း ၁၄-၁-၂၀၀၈ ရက် ကြေးမုံသတင်းစာတွင် ဒေါ်ခင်မြင့်စံမှ ဒေါ်မို့မို့ရှိန်အား လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ်စာ ၃၁၆၆/၀၄ ကို ရုပ်သိမ်းပြီး ဒေါ်မို့မို့ရှိန်သို့ လွှဲအပ်ပေးထားသည့် စာရွက်စာတမ်းများကို ပယ်ဖျက်/ဖျက်သိမ်းကြောင်း ကြေညာပြီးဖြစ်ပါသည်။

၄။ ထိုသို့ယနေ့တိုင်တည်ရှိနေသော တရားရုံးအမိန့်များနှင့် စာရွက်စာတမ်းများဖျက်သိမ်းကြောင်း ကြေညာထားခြင်းများအရ ဒေါ်မို့မို့ရှိန်သည် အချင်းဖြစ်မြေကွက်ပေါ်တွင် တစ်စုံတစ်ရာပိုင်ဆိုင်ခွင့်၊ တောင်းဆိုခွင့်၊ ကန့်ကွက်ခွင့်များမရှိဘဲ အဖြစ်မှန်ကို ထိမ်ချန်၍ တရားရုံးအမိန့်များကို မထီမဲ့မြင်ပြုကာပိုင်ရှင်ဟူ၍ ယခုကဲ့သို့ ပြန်လည်ကန့်ကွက်ကြေညာခြင်းအား ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ထိုနေ့ရက်ကျော်လွန်ပြီးနောက် ပြန်လည်ရုပ်သိမ်းခြင်းမပြုပါက ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သန်း LL.B
တရားလွှတ်တော်ရှေ့နေ(စ/၈၈၀၆)
ဖုန်း-၀၉-၄၃၁၀၇၃၃၇

ဘုရားရှင်၏ လက်ဝဲအောက်ဓာတ်စွယ်တော်မြတ်အစစ်ကို ဌာပနာထားသော ကောင်းမှုတော်စေတီမြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

ဒေါက်တာအောင်သန်းဝင်း(သမဝါယမတက္ကသိုလ်)



(ကောင်းမှုတော်ကြီး၏ ကျောက်စာတွင် 'ထူပါရုံ' စေတီတော်ကြီး၏ပုံတော်ဟူ၍သာ ဖော်ပြထားပါသည်။)

သာသနာသက္ကရာဇ် ၂၁၀၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၉၉၈ ခုနှစ်တွင် အနောက်ဘက်လွန်မင်း၏ ညီတော် သာလွန်မင်းတရားကြီးသည် မြတ်စွာဘုရားရှင်၏ လက်ဝဲအောက် ဓာတ်စွယ်တော်မြတ်နှင့်တကွ အခြား မရေမတွက် နိုင်လောက်အောင် များပြားလှစွာသော ဓာတ်တော် မွေတော်များပါ ထည့်သွင်းဌာပနာ တော်မူ၍ 'ရာဇမဏိစူဠာ' အမည်ရှိသော ကောင်းမှုတော်စေတီတော် ကြီးကို တည်ထားကိုးကွယ်တော်မူပါသည်။

ထိုစေတီတော်ကြီးကို အလွန်တရာ ထုထည်(အထုအထည်) ကြီးမားစွာ တည်ရသည့်အတွက် ၁၂ နှစ်တိုင်တိုင် တည်ဆောက်ခဲ့ရပါသည်။ သို့ရာတွင် မူလဘုရားဒါယကာ သာလွန်မင်းတရားကြီးသည် ရွှေထီးတော်အထွတ် တင်လှူရသည်အထိ နေလိုပါသော်လည်း နေတော်မမူရပါ။ စေတီတော်ကြီး အပြီးမသတ်ခင် ကောဇာသက္ကရာဇ် ၁၀၁၀ ခုနှစ်တွင် နတ်ရွာစံတော်မူပါသည်။

စေတီတော်ကြီးသည် သရေခေတ္တရာပြည် 'ဝေတပါး'မင်း၏ ကောင်းမှု 'သရမာ' စေတီကြီး၏ ပုံတော်နှင့်တူသည်ဟူ၍ လည်းကောင်း၊ ရှေးခေတ်အခါ သီဟိုဠ်ပြည်၊ ယခုခေတ်အခါ သီရိလင်္ကာပြည် အနုရာဓမြို့တော်၊ ဒေဝါနံပိယတိဿ မင်းကြီး၏ ကောင်းမှု 'ထူပါရုံ' စေတီတော်ကြီး၏ ပုံတော်နှင့်တူသည်ဟူ၍လည်းကောင်း ရာဇဝင်သမိုင်းဟောင်းများတွင် ဖော်ပြကြပါသည်။ သာသနာဝင် သမိုင်းကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူသော ဆရာတော်ကြီးတစ်ပါးကမူ သီဟိုဠ်ပြည်အနုရာဓမြို့တော်၌ တည်ရှိသော ဒုဋ္ဌဂါမဏိမင်းကြီး၏ ကောင်းမှု'မဟာစေတီကြီး' ၏ ပုံတော်နှင့်သာ အများဆုံးတူသည်ဟု ယင်း၏ သာသနာဝင် သမိုင်းကျမ်းစာစောင်တွင် ဖော်ပြပါရှိပါသည်။ ကြီးကျယ်ခမ်းနားပုံကိုမူ နှိုင်းယှဉ်၍ ပြတော်မမူပါ။ **(ကောင်းမှုတော်ကြီး၏ ကျောက်စာတွင် 'ထူပါရုံ' စေတီတော်ကြီး၏ပုံတော်ဟူ၍သာ ဖော်ပြထားပါသည်။)**

ကောင်းမှုတော် စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံစစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၌ ပကတိစိန်သားတော်ကြီးကဲ့သို့ အဝန်းအဝိုင်းညီညွတ်စွာဖြင့် ကြီးကျယ်ခိုင်ခံ့ခမ်းနားဝင့်ထည်စွာ တည်ရှိနေပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကျက်သရေအပေါင်းကို တစ်ပေါင်းတည်း စုပုံထားသကဲ့သို့ရှိနေသည်။ ထို့ကြောင့်ယနေ့ မြန်မာနိုင်ငံသို့ရောက်ရှိလာကြသော ကမ္ဘာလှည့်ခရီးသည်ဗိသုကာ၊ ပညာရှင်တို့သည် ဤစေတီတော်မြတ်ကြီးအား ဗိသုကာ ပညာမျက်စိဖြင့်ကြည့်ရှု၍ ရင်သပ်ရှုမော အံ့သြချီးကျူးကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ဂုဏ်ယူစရာ ရှေးဟောင်းဘာသာရေး၊ ယဉ်ကျေးမှုဌာနကြီးတစ်ခုလည်း ဖြစ်သည်။

ဤကောင်းမှုတော် စေတီမြတ်ကြီးကို ဤမျှ ကြီးကျယ်ခိုင်ခံ့အောင် တည်ထားခြင်းမှာ မြတ်စွာဘုရား၏ ကိုယ်စားတော် စေတီလေးပါးတို့ကို နောင်သောအခါ မသမာသူတို့ အလွယ်တကူ မဖျက်ဆီးနိုင်ကြစေရန်၊ ပြင်းထန်သော မြေလျှင်ဒဏ်များကိုလည်း ကြံ့ကြံ့ခံနိုင်စေရန်ရည်ရွယ်ရင်း နှလုံးသွင်း၍ တည်ထားခဲ့ခြင်း ဖြစ်သည်။

ဤကောင်းမှုတော်ဘုရားကြီး၏ ဆွမ်းတော်ကပ်ရက်မှာ အခြားဘုရားများကဲ့သို့ သီတင်းကျွတ်လပြည့်နေ့တွင် မဟုတ်ဘဲ လပြည့်ကျော် ၁ ရက်မှသာ ကပ်လှူကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဂေါတမမြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိတော်မူစဉ်က ခုနစ်ဝါမြောက် ဝါတော်ကို တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ စကြဝဠာတစ်သောင်းမှ ခညောင်းရောက်လာသော နတ်၊ ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ တရားတော်များကို ဟောကြားတော်မူရန် ဝါဆိုတော်မူပါသည်။

ဝါတွင်းသုံးလ တရားဟောပြီး၍ သီတင်းကျွတ်လပြည့်နေ့ ညဥ့်ဦးယံတွင် 'သင်္ကဿနဂိုရ်' မြို့သို့ သိကြားမင်းဖန်ဆင်းသော စောင်းတန်းကြီး သုံးသွယ်ဖြင့် ကြွမြန်းဆင်းသက်တော်မူလာပါသည်။

သင်္ကဿမြို့သူ မြို့သားလူအများတို့သည် မီးရှူးပန်းတိုင်များ၊ ဆီမီးဖယောင်းတိုင်များ၊ အမွှေးနံ့သာတိုင်များနှင့် ပန်းနံ့သာများကို လက်စွဲလျက် မြတ်စွာဘုရားအားကြိုဆို၍ ရှိခိုးပူဇော်ကြပါသည်။ နောက်တစ်နေ့သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ဆွမ်းဆက်ကပ်လှူဒါန်းကြပါသည်။

ဤသို့သော အစဉ်အလာကို အတုယူ၍ ဤကောင်းမှုတော်ဘုရားကြီးအား နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ ဆွမ်းတော်ကပ်လှူကြခြင်း ဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့၌ ဆီမီး၊ ဖယောင်းတိုင်စသည်တို့ဖြင့် ထွန်းညှိပူဇော်ကြခြင်းသည် ဤအစဉ်အလာကောင်းကို အတုယူ၍ ဗုဒ္ဓဘာသာဝင်တို့ ပြုလုပ်ကြခြင်းဖြစ်ပါသည်။

ဤဘုရားကြီး၏ နှစ်စဉ်ပွဲတော်ရက်မှာ သီတင်းကျွတ်လပြည့်နေ့ ဖြစ်ပါသည်။ ဆွမ်းစတင်ကပ်ရက်မှာ လပြည့်ကျော် ၁ ရက်နေ့ ဖြစ်ပါသည်။ ထို့အပြင် တန်ဆောင်မုန်းလပြည့်နေ့များတွင်လည်း ပွဲတော်ကျင်းပသည်။ ဒေသအခေါ် သီတင်းကျွတ်တွင်ပြုလုပ်သော ပွဲတော်ကို မြို့ပွဲဟုခေါ်ဆိုကြပြီး တန်ဆောင်မုန်းတွင် ပြုလုပ်သော ပွဲတော်ကို တောပွဲဟုခေါ်ဆိုကြသည်။ တန်ဆောင်မုန်းပွဲတော်တွင် ရွာနီးချုပ်စပ်မှ ပေါင်းမိုးလှည်းများဖြင့် လာကြသည်မှာ ယခုခေတ်လူငယ်များအဖို့ အဆန်းတကြယ်ဖြစ်စေပါသည်။ ပွဲတော်နှစ်ရပ်လုံး ကြက်ပျံမကျစည်ကားလှသည်။ ထို့ကြောင့် ထူးခြားလှသော ကောင်းမှုတော်ဘုရားပွဲတော်ကို လာရောက် ကြည်ညိုဖူးမြော်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ကြက်သွန်နီဈေးနှုန်း မြင့်တက်ပြီး စားအုန်းဆီဈေးများ ကျရိပ်သန်းလာ

ရန်ကုန် နိုဝင်ဘာ ၁၁

ဘုရင့်နောင်ကုန်စည်ဈေးကွက် နိုဝင်ဘာ ၉ ရက်က ကြက်သွန်နီ၊ စားအုန်းဆီ၊ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးနှုန်းများ ကျဆင်းလာပြီး အာလူးဈေးမှာ မြင့်တက်လာကြောင်း သိရသည်။

ယခုပတ်အတွင်း ကြက်သွန်နီဈေးနှုန်း ပြန်လည်မြင့်တက်လာရာ နိုဝင်ဘာ ၇ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလက်ကားဈေးနှုန်း ငွေကျပ် ၇၇၅-၉၇၅-၁၀၇၅-၁၁၇၅ နှုန်းသို့ ပြန်လည်ရောက်ရှိလာကြောင်း၊ နိုဝင်ဘာ ၈ ရက်က ရန်ကုန်ဈေးကွက်သို့ ပိဿာချိန် ၂၄၆၀၀၀၊ နိုဝင်ဘာ ၉ ရက်က ပိဿာချိန် ၂၄၀၀၀၀ ဝင်ရောက်ပြီး ဈေးနှုန်းများ နှစ်ရက်ဆက်တိုက် ပြန်လည်ကျဆင်းလာရာ နိုဝင်ဘာ ၉ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ဒိုင်ဖွင့်ဈေး ငွေကျပ် ၆၇၅-၈၇၅-၉၇၅-၁၀၇၅ နှုန်းသို့ ကျဆင်းလာသည့်အပြင် ရောင်းအားကျသည့်အတွက် ဒိုင်ဖွင့်ဈေးနှုန်းအောက် ဈေးချ၍ရောင်းနေရသည်ဟု ကြက်သွန်ပွဲရုံများမှ သိရသည်။

ကြက်သွန်နီ ထွက်ရှိသိုလှောင်ရာနယ်ဈေးများလည်း ကျဆင်းနေရာ တစ်ပိဿာနယ်ဈေးဆိုက်စုံသောင်းပြောင်း ငွေကျပ် ၇၀၀ ဝန်းကျင်သာရှိကြောင်း၊ ကြက်သွန်နီဈေးနှုန်းမှာ ယခုနှစ် အောက်တိုဘာ လကုန်ပိုင်းတွင် ရှယ်စ တစ်ပိဿာ ၁၂၂၅ ကျပ် အထိ မြင့်တက်လာခဲ့ပြီးနောက် ဈေးနှုန်း အတက်၊အကျ လှိုင်းစီးနေရာ နိုဝင်ဘာလအတွင်း ယနေ့ဈေးနှုန်းသည် အနိမ့်ဆုံး ဖြစ်နေသော်လည်း ယခင်နှစ်က လတူ ၂၀၁၂ နိုဝင်ဘာ ၉ ရက် ဆိပ်ဖြူ တစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၆၇၅-၈၅၀-၉၅၀-၁၀၂၅နှုန်းနှင့် နှိုင်းယှဉ်လျှင် ဈေးများနေဆဲဖြစ်သည်ဟု သိရသည်။

စားအုန်းဆီပြည်ပဈေးနှုန်း FOB ဈေး တစ်တန်လျှင် ၈၈၅ဒေါ်လာ၊ငွေလဲနှုန်း ၉၇၂ ကျပ်ဖြင့် ဆိပ်ကမ်းအရောက် တစ်ပိဿာ (အရင်းဈေး) ၁၆၁၁ ကျပ်အထိ အောက်တိုဘာ ၄ ရက်က ဖြစ်ခဲ့သော်လည်း နိုဝင်ဘာ ၈ ရက်တွင် ၈၈၀ ဒေါ်လာနှုန်းဖြင့် အရင်းဈေး ၁၆၀၃ကျပ်အထိ ပြန်လည်ကျဆင်းလာကြောင်း၊ ရန်ကုန်ဈေးကွက် လက်ကားရောင်းဈေး တစ်ပိဿာလျှင် နိုဝင်ဘာ ၄ ရက်က ၁၆၀၅ ကျပ်နှုန်းဖြစ်သော်လည်း နိုဝင်ဘာ ၉ ရက်က ၁၅၅၈ ကျပ်နှုန်းသို့ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ယခုအပတ်အတွင်း မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၆၀၄၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၉၅၀၀၀အထိ ဈေးမြင့်ခဲ့သော်လည်း ယခုအပတ်ဒိုင်ဖွင့်ရက် နောက်ဆုံးနေ့ နိုဝင်ဘာ ၉ ရက်က မတ်ပဲ RC တစ်တန် ငွေကျပ် ၅၈၂၅၀၀နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၈၀၀၀၀ နှုန်းသို့ ပြန်လည် ကျဆင်းလာသည်ဟု ပဲဈေးကွက်မှ သိရသည်။

ကြက်သွန်နီ ၊ စားအုန်းဆီ၊ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးနှုန်းများ ကျဆင်းသော်လည်း အာလူးဈေးနှုန်းများ ပြန်လည်မြင့်တက်လာရာ တစ်ပိဿာလျှင် S1 အမျိုးအစား ငွေကျပ် ၆၃၀ နှုန်းဖြစ်ကြောင်း၊ အာလူးအရွယ်အစားမှာလည်း လက်သီးဆုပ်နှစ်ဆုပ်စာ ပမာဏထက်ပင် ကြီးလာကြောင်း၊ ယခုပတ်အတွင်း A1 အမျိုးအစား အာလူးတစ်ပိဿာ ငွေကျပ် ၅၂၀၊ OK အမျိုးအစား ငွေကျပ် ၅၆၀၊ S1 အမျိုးအစား ငွေကျပ် ၅၆၀ ရှိရာမှ နိုဝင်ဘာ ၉ ရက်က A1 တစ်ပိဿာ ငွေကျပ် ၅၇၀၊ OK ငွေကျပ် ၆၁၀၊ S1 အမျိုးအစား ငွေကျပ် ၆၃၀ နှုန်းဖြစ်လာပြီး ကထိန်ခင်းကျင်းသော ရက်များတွင် အသုံးများသဖြင့် အဝင်ပမာဏပေါ် မူတည်၍ ဈေးတက်နိုင်သည်ဟု အဝယ်တော်များက ဆိုသည်။

ယခင်နှစ် ၂၀၁၂ နိုဝင်ဘာ ၉ ရက်က စားအုန်းဆီ တစ်ပိဿာ ၁၄၃၅ ကျပ်၊ မတ်ပဲ RC တစ်တန် ကျပ် ၄၇၅၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ၅၄၀၀၀၀ ကျပ်၊ အာလူး တစ်ပိဿာ ကျပ် ၅၅၀-၆၀၀-၆၃၀-၆၄၀ ဈေးနှုန်းရှိခဲ့ကြောင်း သိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၈၅၀၀-၆၄၄၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၇၅၀၀-၆၃၇၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၁-၉၈၁.၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅-၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၈-၃၁.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၅.၆၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၇၄၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

မြစ်ကြီးနားမြို့တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးပြုနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အား ၁၉၇၂ ခုနှစ်မှစ၍ ၈၆၀ ကေဗွီ SKODA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ရာမှ ၁၉၉၃ ခုနှစ် မတ်လတွင် ကျိန်ခရမ်ခ ရေအားလျှပ်စစ်စက်ရုံရှိ ၆၃၀ ကေဗွီအေ စက်လေးလုံးဖြင့် ဓာတ်အားပေးခဲ့သည်။ ကျိန်ခရစ်ခ ရေအားလျှပ်စစ်စက်ရုံသည် ၃၁-၅-၂၀၀၅ ရက်တွင် ချောင်းရေတိုက်စားပြီး စက်ရုံရေနစ်မြုပ်ပျက်စီးသွားခဲ့သဖြင့် ဒီဇယ်စက်များဖြင့် ဓာတ်အားပြန်လည်ပေးခဲ့ရသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များကို ဘူးဂါးကုမ္ပဏီက မလိရေအားလျှပ်စစ်စက်ရုံ ၃ ဒသမ ၅ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးရန် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ခွင့်ပြုပေးခဲ့ရာ မီးသုံးသူဦးရေတိုးတက်လာသဖြင့်မိုးရာသီကာလတွင် မီးသုံးစွဲမှုများသော ညနေ ၅ နာရီမှ ၈နာရီအတွင်း မီးသုံးသူ သုံးပုံတစ်ပုံခန့် ဓာတ်အားပိတ်ပေးရခြင်း၊ နွေရာသီရေအားလျှပ်စစ်စက်ရုံများ ထုတ်လုပ်မှုလျော့နည်းချိန်တွင် မီးသုံးသူသုံးပုံနှစ်ပုံခန့်ကို ဓာတ်အားပိတ်ပေးခြင်းများ ဆောင်ရွက်နေရသည်။

ကချင်ပြည်နယ်ရှိ ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဓာတ်အားရရှိရေးအတွက် ချီဖွေငယ်စက်ရုံက ထွက်ရှိသော ဓာတ်အားကို ချီဖွေမှ ဝိုင်းမော်အထိ ၁၃၂ ကေဗွီဓာတ်အားလိုင်းမိုင် ၆၀ တည်ဆောက်ခြင်း၊ ဝိုင်းမော်မှမြစ်ကြီးနားအထိ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၂ မိုင်တည်ဆောက်ခြင်း၊ ဝိုင်းမော်တွင် ၁၃၂/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ မြစ်ကြီးနားတွင် ၆၆/၁၁ ကေဗွီ၂၀အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ၂၀၁၃ ခုနှစ်နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲအချိန်မှစ၍ မြစ်ကြီးနားမြို့အတွင်း ထပ်မံလိုအပ်သော ဓာတ်အားကို စတင်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ရာ မြစ်ကြီးနားမြို့ပေါ် ၁၆ ရပ်ကွက်ရှိ အများပြည်သူများသည် ၂၄ နာရီဓာတ်အား ပြည့်ဝစွာ ရရှိနိုင်မည့်အပြင် စက်မှုလုပ်ငန်းများပါ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်း သတင်းစာသို့ အနယ်နယ်အရပ်ရပ်မှမြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

(စာဂုဏ္ဍအကြိမ် မိုးကျကထိန်အလှူတော်)

မဟာဘုံကထိန်အလှူလှူဒါန်းရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီးနှင့်နေပြည်တော်တို့တွင် ကထိန်ခင်းရန် လိုအပ်မှုရှိသည့် ဘုန်းတော်ကြီးကျောင်းများရှိနေပါက (၁၄-၁၁-၂၀၁၃)၊ ကြာသပတေးနေ့ ညနေအထိ နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနိုးဆော်အပ်ပါသည်။ (သင်္ကန်းကျွန်းမြို့နယ်၊ ကျေးရွာ သံဃာအနေအတွက် မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရပါမည်။)

ဆက်သွယ်ရန်လိပ်စာ

ဖုန်း - ၀၁-၂၂၅၇၉၃/ ၂/ ၄/ ၅/ ၇၊ ၀၉-၇၃၁၈၆၆၃၆၊ ၀၉-၇၃၀၃၉၉၄၇

လိပ်စာ - ၈၇/၈၈၊ ဗဟိုလမ်းဆိုဒ်ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကျင်းပမည့်နေ့ - ၁၅-၁၁-၂၀၁၃ (သောကြာနေ့)

ကျင်းပမည့်အချိန် - ညနေ (၂း၀၀)နာရီ

ပျောက်ဆုံးကြောင်း

ကျွန်တော်ရဲမြတ်သူဘို ၁၂/ရကန(နိုင်)၀၇၃၂၀၇ သင်္ဘောသား CDC No.၆၀၃၄၈ ကိုင်ဆောင်သော GMDSS စာအုပ်အမှတ်-၆၇၆၁သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၇၃၁၉၆၃၁၆**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်မြေစာရင်းဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မယ်စဲ့မြို့နယ် မြေစာရင်းဦးစီးဌာန(ပေ၂၀×၂၆ပေ×၁၂ပေ) အုတ်ညှပ်တစ်ထပ်ရုံး အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၁-၂၀၁၃ရက်မှစ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ကယားပြည်နယ်မြေစာရင်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၁၁-၂၀၁၃ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ သတ်မှတ်ရက်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ် မြေစာရင်းဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၀၄၉နှင့် မယ်စဲ့မြို့နယ် မြေစာရင်းဦးစီးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

၆-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃နှင့် တရားလွှတ်တော်ရှေ့နေ ဦးရဲမြင့်၊ ဦးကြည်ဖေစိန်နှင့် အထက်တန်းရှေ့နေ ဦးသိန်းသန်းဇော်တို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းကြေညာခြင်း

ကျွန်မ၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စုပေါင်း(၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်ပန်းခြံပတ်လမ်း၊ အမှတ်၃၈၈နေ ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ၏မိတ်ဆွေပိုင်ဆိုင်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဂေါက်ကွင်းအနီးလမ်းဆုံရှိ မြေဧရိယာအကျယ်အဝန်း အလျား၂၀၉ပေ×အနံ၂၀၉ပေရှိမြေပေါ်တွင် ၅-၄-၂၀၁၂ရက်က ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃ နှင့် အကျိုးတူလုပ်ငန်းနှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့သော်လည်း ထိုစာချုပ်ပါစည်းကမ်းချက်များအတိုင်း ဦးသိန်းသန်းဝင်းက ဆောင်ရွက်ခြင်းမရှိ၍ အဆိုပါမြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပြောဆိုသော်လည်း ဦးသိန်းသန်းဝင်းက ထွက်ခွာဖယ်ရှားမပေးနိုင်ကြောင်း ပြောဆိုခဲ့သည်ဟု ကျွန်မ၏ မိတ်ဆွေမှညွှန်ကြား၍ သိရပါသည်။

သို့ဖြစ်ပါ၍ ဦးသိန်းသန်းဝင်းအား ၅-၄-၂၀၁၂ရက်ကလွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၂၂-၁၀-၂၀၁၃ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ၂၄-၁၀-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာနှင့် ၂၅-၁၀-၂၀၁၃ရက် ကြေးမုံသတင်းစာများမှ အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၆-၁၁-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ရှင်းလင်းကြေညာချက်တွင် ပါရှိသည့် မမှန်ကန်သောအချက်အလက်များကို တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်ရန် ကျွန်မ၏မိတ်ဆွေက စီစဉ်လျက်ရှိပါသည်။ ၎င်းကြေညာချက်တွင်ပါသော ပျက်ပြယ်ပြီးဖြစ်သော သဘောတူညီချက်ကိုအခြေခံပြီး ဦးပြည့်စုံ မသိရှိဘဲ ဦးပြည့်စုံ၏ နာမည်ကို အလွဲသုံးစားပြုလုပ်ထားသည်များကို ဖုံးကွယ်လိုသောဆန္ဒဖြင့် ကြေညာခြင်းဖြစ်ပါသည်။ အသေးစိတ်ရှင်းလင်းစွာ သိရှိလိုပါက ဦးပြည့်စုံထံ စုံစမ်းမေးမြန်းနိုင်ပါသည်။

အဆိုပါမြေကွက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ကျွန်မမိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စွန့်လွှတ်ခြင်းတို့မပြုလုပ်ပါရန်၊ ပြုလုပ်ပါက လက်ခံခြင်းမပြုရန်၊ လက်ခံခြင်းပြုလုပ်ပါက ထိုသူသာ ဆုံးရှုံးနစ်နာမှုဖြစ်နိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ			လွှဲအပ်ညွှန်ကြားချက်အရ-
ဦးပြည့်စုံ	ဒေါ်သူဇာထွေး	ဒေါ်နှင်းနုထွေး	ဒေါ်သီတာဌေး
၇/ပတတ(နိုင်)၀၄၃၉၅၀	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
	(စဉ်-၂၇၀၀၁)	(စဉ်-၈၀၃၂)	(စဉ်-၇၈၁၆)
	ဖုန်း-၀၉-၄၂၀၅၃၁၁၂	ဖုန်း-၀၉-၄၂၀၁၉၇၄၄၈	အမှတ်၁၆၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၀၆၄၉၁၊ ၀၁-၅၈၀၁၃၈

၂၈ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

Liaison Officer (LO) ၊ Volunteer(VO) နှင့် Work Force(WF) အခြေခံနှင့် မွမ်းမံသင်တန်း သင်ခန်းစာများဆွေးနွေးပို့ချ

နေပြည်တော် နိုဝင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးအတွက် အားကစားဝန်ကြီးဌာန အနေဖြင့် ဘက်ပေါင်းစုံမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဆိုပါ အားကစားပြိုင်ပွဲကြီးသို့ လာရောက်ပါဝင်ဆင်နွှဲကြမည့် နိုင်ငံတကာမှ အကြီးအကဲ၊ ဧည့်သည်တော်နှင့် ဂျူရီ/ဒိုင်၊ နည်းပြများ၊ အားကစားအသင်းများ ဘာသာစကားပြောဆိုဆက်ဆံမှု လွယ်ကူမှုရှိစေပြီး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ပြိုင်ပွဲတွင် ကူညီတာဝန်ထမ်းဆောင်ကြမည့် Liaison Officer (LO) နှင့် Volunteer (VO), Work Force (WF) အခြေခံနှင့် မွမ်းမံသင်တန်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ နိုဝင်ဘာ ၈ ရက်က ဖွင့်လှစ်သည်။ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၃၀၂၀ ဦးအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာများနှင့် ပတ်သက်သည့် မြန်မာအသင်း အောင်နိုင်ရေး၊ ကျင်းပရေးနှင့် ခေါင်းဆောင်မှု၊ SEA Games ကျင်းပရေး၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေး၊ ခေါင်းဆောင်မှုနှင့် LO/VO များ၏ အခန်းကဏ္ဍ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ SEA Games ပြိုင်ပွဲကျင်းပရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်း၊ အဖွဲ့ချုပ်များ အောင်နိုင်ရေးနှင့် LO/VO/WF၊ Accreditation ဆိုင်ရာဘာသာရပ်များအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အကြံပေး ဦးအယ်လ်အောင်ဒင်နှင့် သက်ဆိုင်ရာကော်မတီအလိုက် တာဝန်ရှိသူများက ပို့ချသင်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုရသူများအားဂုဏ်ပြု

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် Pre-SEA Games Test Match 2013 ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီက နေပြည်တော် Billiards and Snooker Indoor Stadium VIP Room ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က ဂုဏ်ပြုဆုငွေကျပ်သိန်း ၄၀ နှင့် ငါးသောင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွက်လှေအားကစား အနည်းဆုံးရွှေသုံးဆုမျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲ(ဆီးဂိမ်း)တွင် မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်အနေဖြင့် အနည်းဆုံး ရွှေတံဆိပ်ဆုသုံးခုရယူနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံ ရွက်လှေအားကစားအဖွဲ့ချုပ်အနေနဲ့ ဒီပြိုင်ပွဲမှာ အောင်နိုင်ဆုများဆွတ်ခူးနိုင်ဖို့ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစပြီး လေ့ကျင့်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ပါတယ်။ မြန်မာရွက်လှေအားကစားသမား အမျိုးသား၊ အမျိုးသမီး ၂၅ ဦးကို ဆန်ခါတင်ရွေးချယ်ထားပြီး ငွေဆောင်မှာ လေ့ကျင့်ပေးလျက်ရှိပါတယ်။ မြန်မာနည်းပြနှစ်ဦး၊ နိုင်ငံခြားနည်းပြ ခုနစ်ဦးနဲ့အတူ လေ့ကျင့်လျက်ရှိပါတယ်။ မြန်မာရွက်လှေ အားကစားသမားတွေအနေနဲ့ ပြိုင်ပွဲအမျိုးအစား ၁၃ မျိုးမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ပြောကြားသည်။

"ကျွန်မတို့ဒီပြိုင်ပွဲမှာ အိမ်ရှင်ပရိသတ်တွေရဲ့ အားပေးမှုနဲ့အတူ အနည်းဆုံး ရွှေတံဆိပ်ဆုသုံးခုလောက်တော့ မျှော်မှန်းထားပါတယ်။ လက်ရှိလေ့ကျင့်နေတဲ့ အနေအထားအရ သုံးခုထက် ပိုလည်းပိုနိုင်ပါတယ်။ အိမ်ရှင်နိုင်ငံဖြစ်တဲ့အတွက် အိမ်ရှင်ပရိသတ်တွေလည်း ငွေဆောင်ကိုလာရောက်အားပေးကြဖို့ လိုပါတယ်"ဟု ပြိုင်ပွဲဝင်တစ်ဦးဖြစ်သည့် မစုမြတ်စိုးက ပြောကြားသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ရွက်လှေအားကစားပြိုင်ပွဲများကို ပုသိမ် ငွေဆောင်၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရွက်လှေအားကစားသမား ၁၂၈ ဦး လာရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာပရိသတ်များအနေဖြင့် ငွေဆောင်တွင် အပန်းဖြေခရီးထွက်ရင်း မြန်မာရွက်လှေ အားကစားသမားများ၏ အောင်မြင်မှုများအပေါ် ကြည့်ရှုအားပေးနိုင်တော့မည် ဖြစ်သည်။

မောင်ရွှေရိုး

ဆီးဂိမ်းပြိုင်ပွဲတွင် ရွက်လှေပြိုင်ပွဲကို ငွေဆောင်၌ ကျင်းပမည်ဖြစ်ရာ ငွေဆောင်တွင် ပြိုင်ပွဲဝင်မည့်နိုင်ငံအလိုက် ရွက်လှေများ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

နိုင်ငံတကာအားကစားသတင်း

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၁ အပြီး ရပ်တည်မှု (သိဟ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	အာဆင်နယ်	၁၁	၈	၁	၂	၂၅
၂	လီဗာပူး	၁၁	၇	၂	၂	၂၃
၃	ဆောက်သမ်တန်	၁၁	၆	၄	၁	၂၂
၄	ချယ်လ်ဆီး	၁၁	၆	၃	၂	၂၁
၅	မန်ယူ	၁၁	၆	၂	၃	၂၀
၆	အဲဗာတန်	၁၁	၅	၅	၁	၂၀
၇	စပါး	၁၁	၆	၂	၃	၂၀
၈	မန်စီးတီး	၁၁	၆	၁	၄	၁၉
၉	နယူးကာဆယ်	၁၁	၅	၂	၄	၁၇
၁၀	ဝက်စ်ဘရွန်း	၁၁	၃	၅	၃	၁၄
၁၁	အက်စ်တွန်ဗီလာ	၁၁	၄	၂	၅	၁၄
၁၂	ဟားလ်စီးတီး	၁၁	၄	၂	၅	၁၄
၁၃	ဆွမ်ဆီး	၁၁	၃	၃	၅	၁၂
၁၄	ကာဒစ်ဖ်	၁၁	၃	၃	၅	၁၂
၁၅	နော့ဝှစ်ချ်	၁၁	၃	၂	၆	၁၁
၁၆	ဝက်စ်ဟမ်း	၁၁	၂	၄	၅	၁၀
၁၇	စတုတ်	၁၁	၂	၄	၅	၁၀
၁၈	ဖူလ်ဟမ်	၁၁	၃	၁	၇	၁၀
၁၉	ဆန်းဒါးလန်း	၁၁	၂	၁	၈	၇
၂၀	ပဲလေ့စ်	၁၁	၁	၁	၉	၄

နိုဝင်ဘာ ၁၀/၁၁ နိုင်ငံတကာ ဘောလုံးပွဲရလဒ်

ဆန်းဒါးလန်း	၁-၀	မန်စီးတီး
မိန့်ဇ်	၁-၀	ဖရန့်ဖတ်
ဖရိုင်းဘတ်	၁-၃	စတုဂတ်
ဂျီနိုအာ	၂-၀	ဗီရိုနာ
အတ္တလန္တာ	၂-၁	ဘိုလော့ဂ်နာ
ကက်ဂလီယာရီ	၂-၁	တိုရီနို
ချီယေဗို	၀-၀	အေစီမီလန်
ပါးမား	၁-၁	လာဇီယို
ရိုးမား	၁-၁	ဆက်ဆူအိုလို
ဖီအိုရင်တီးနား	၂-၁	ဆမ်ဒိုးရီးယား
အက်စ်ပန်ညို	၁-၃	ဆီဗီလာ
ဗလင်စီယာ	၂-၂	ဗယ်လာဒိုလစ်
ဗီလာရီးရဲလ်	၁-၁	အက်သလက်တီကို

မန်ယူတို့ ခြေစွမ်းပြပြီ

အာကာကျော်

ဒီနှစ် ပရီမီယာလိဂ်ဖလားယူဖို့ ကြေးကြော်နေတဲ့ အာဆင်နယ်ကို မန်ယူက အိမ်ကွင်းမှာ အနိုင်ယူလိုက်ပြီဖြစ်ပါတယ်။ ဒီပွဲမှာ မန်ယူ တိုက်စစ်မှူး ဗန်ပါစီရဲ့ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးနဲ့ အနိုင်ရရှိသွားခဲ့တာပါ။ ပွဲစပြီး ၂၇ မိနစ်အကြာမှာ သွင်းယူလိုက်တဲ့ ဒီဂိုးကြောင့် မန်ယူပရိသတ်တွေ အားတက်စေခဲ့ပြီး ဒီဂိုးနဲ့ပဲ မန်ယူက အနိုင်ရရှိခဲ့ပါတယ်။ ဒီအနိုင်ပွဲက မန်ယူကို ဂုဏ်သိက္ခာတိုးစေခဲ့ပြီး မန်ယူကစားသမားတွေ ပုံမှန်ခြေစွမ်းရလာတော့မယ့် အနေအထားဖြစ်ပါတယ်။ ရွှန်းနေ ဖြတ်တင်ပေးလိုက်တဲ့ ထောင့်ကန်ဘောမှတစ်ဆင့် ဗန်ပါစီက လှလှပပခေါင်းတိုက်သွင်းယူလိုက်နိုင်တာကြောင့် မန်ယူတို့ အားတက်လာခဲ့ပြီဖြစ်ပါတယ်။ မန်ယူအတွက် ဒီပွဲက အလွန်အရေးကြီးတဲ့ပွဲပါ။ ပရီမီယာလိဂ်မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့ အာဆင်နယ်ကို အနိုင်ယူပြနိုင်ခြင်းဟာ မန်ယူက လာမယ့်ပြိုင်ပွဲတွေမှာလည်း အနိုင်ကစားတော့မယ်လို့ အသိပေးလိုက်ခြင်းလည်း ဖြစ်နိုင်ပါတယ်။ ပြီးခဲ့တဲ့ ရာသီက ပေါင် ၂၄ သန်းဖြင့် အာဆင်နယ်က ပြောင်းလာတဲ့ ဗန်ပါစီဟာ ဒီပွဲမှာ အနိုင်ဂိုးသွင်းပြနိုင်ခဲ့ခြင်းဟာလည်း ထူးခြားချက်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အသင်းဟောင်းကို အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ မြင်ကွင်းကလည်း ကြေးစားဘောလုံးသမားတစ်ဦးရဲ့ တာဝန်ကျေပွန်မှု၊ အားကစားစိတ်ဓာတ် အပြည့်အဝရှိမှုတို့ကို ဖော်ကျူးပြသလိုက်ခြင်းလို့ ဆိုနိုင်ပါတယ်။ မန်ယူက ဒီပွဲအနိုင်ကစားလိုက်နိုင်တာကြောင့် ထိပ်ဆုံးရောက်အာဆင်နယ်နဲ့ ရမှတ်ငါးမှတ် ကျဉ်းမြောင်းသွားစေခဲ့ပြီး ဇယားနံပါတ် ၅ နေရာသို့ တက်လာနိုင်ခဲ့ပါတယ်။

အခြားပွဲတစ်ပွဲဖြစ်တဲ့ ဆန်းဒါးလန်းနဲ့ မန်စီးတီးတို့ပွဲကလည်း အံ့ဩစရာပါပဲ။ အဂူရိုတို့လို တိုက်စစ်မှူးကောင်းတွေရှိတဲ့ မန်စီးတီးဟာ ဒီပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးပြီး အိမ်ပြန်ခဲ့ရပါတယ်။ မန်စီးတီးရဲ့ ဒီအရှုံးဟာ ဒီနှစ် ပရီမီယာလိဂ်မှာတော့ စတုတ္ထအကြိမ်မြောက် ရှုံးနိမ့်မှုဖြစ်ပါတယ်။ ဆန်းဒါးလန်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ပထမပိုင်းမှာ ဘန်စလေက သွင်းယူပေးခဲ့ပါတယ်။



ဂျိုကိုဗစ်နှင့်နာဒယ် ဗိုလ်လုမည်

ဆားဘီးယားနာမည်ကြီး တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် လန်ဒန်၌ ကျင်းပသော ATP World Tour Finals တွင် ဝါရင်ကာကို အနိုင်ရလိုက်ခြင်းကြောင့် ဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်နှင့် ဖလားလုရတော့မည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဂျိုကိုဗစ်က ၆-၃၊ ၆-၃ ဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။ စောစောပိုင်းက ရာဖေးလ်နာဒယ်က ရော်ဂျာဖက်ဒဲရားကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ တင်းနစ်လောက၏ ထိပ်သီးချန်ပီယံနှစ်ဦးသည် ဖလားလုပွဲအဖြစ် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ် **(အပေါ်ပုံ)** အနေဖြင့် လက်ရှိချန်ပီယံ ဂျိုကိုဗစ်ကို ခက်ခဲစွာကစားရလိမ့်မည်ဖြစ်သည်။

ဘာစီလိုနာတို့ သုံးမှတ်ဖြတ်ထားနိုင်ပြီ

စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာက ရီးရဲဘက်တစ်ကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်သည့်အတွက် အမှတ်ပေးဇယားတွင် သုံးမှတ်အသာဖြင့် ဦးဆောင်လိုက်ပြီဖြစ်သည်။ သို့ရာတွင် တိုက်စစ်မှူးမက်ဆီသည် ဒဏ်ရာရရှိသွားသဖြင့် ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။ ဘာစီလိုနာအတွက် ဂိုးများကို နေမာနှင့် ပက်ဒရိုတို့က ပထမပိုင်းတွင် တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ ဒုတိယပိုင်းတွင် အဝေးကွင်းကစားရသော ဘာစီလိုနာက ဆက်တိုက်ဖိကစားခဲ့ပြီး ဖာဘရီဂတ်စ်တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သည်။ ရီးရဲဘက်တစ်အတွက် နှစ်သိမ့်ဂိုးကို မိုလီနာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ဂျူဗင်တပ်စ် ဒုတိယနေရာတက်ပြီ

အီတလီစီးရီးအေတွင် ဂျူဗင်တပ်စ်တို့ အိမ်ကွင်း၌ နာပိုလီကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် ဇယားထိပ်ဦးဆောင်နေသော ရိုးမားနှင့်တစ်မှတ်သာ ကွာခြားမှုရှိပြီး ဒုတိယနေရာသို့ ခုန်တက်လာသည်။ ပွဲစပြီး နှစ်မိနစ်အတွင်းမှာပင် လော်ရန်တေးက ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းယူလိုက်သည်။ ဒုတိယပိုင်းတွင် ပီယာလို၏ အဝေးကန်ဘောနှင့် ပေါ့ဘာတို့၏ မြေမကျဘောတို့ဖြင့် ဂျူဗင်တပ်စ်တို့ ထိုက်ထိုက်တန်တန်အနိုင်ယူခဲ့သည်။ သို့ရာတွင် ဂျူဗင်တပ်စ်မှ အော့ဘွန်းနား နှစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးအောင်ကျော်ဇော်ဦး၏သမီး မယွန်းမြတ်အိမ် နှင့် မအေးမြတ်သီရိမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

GOLDEN STAR

ဘွဲ့ရ(အမျိုးသမီး)
ဗိုလ်လောင်းဝင်ခွင့်
(ပဲခူး)
ဖုန်း-၀၉-၄၉၄၅၃၁၃၁

အများသိစေရန်

၁-၁၁-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း အကြောင်းအရာအား ပယ်ဖျက်ခြင်းနှင့် ၂၈-၁၀-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာသည်သာ အမှန်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၈/စလန(နိုင်)၀၄၉၃၁၈

နန်းဒေဝီစာပေတိုက်မှ ထုတ်ဝေသော စာအုပ်များနှင့် စာရေးဆရာမ ဒေါ်နန်းအိအိဇာ ရေးသားသော စာမူစာအုပ်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၆ လမ်း(အထက်)၊ အမှတ် ၂၀၀ ပထမထပ်တွင် တည်ရှိသော နန်းဒေဝီစာပေတိုက်၏ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မျိုးမြတ်(ခ)ဒေါ်နန်းအိအိဇာ ၁၂/ကတတ(နိုင်)၀၀၉၉၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

နန်းဒေဝီစာပေတိုက်သည် လစဉ်ထုတ် သရဖူမဂ္ဂဇင်း၊ Wellness(အနာမယ)မဂ္ဂဇင်းနှင့် စာရေးဆရာမ နန်းအိအိဇာ ရေးသားသောစာအုပ်များအပြင် အခြားသောစာရေးဆရာများရေးသားသော စာအုပ်များအား တရားဝင်ခွင့်ပြုချက်ဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ နန်းဒေဝီစာပေတိုက်ထုတ်စာအုပ်များနှင့် စာမူများအား အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဒေါ်နန်းအိအိဇာနှင့် ဒေါ်နန်းအိအိဇာမိသားစု၏ ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ လှူဒါန်းခြင်းစသည်များအား မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ အဆိုပါစာအုပ်စာမူများအား ကူးယူပုံနှိပ်ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရရှိဘဲပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်စိုးထွန်း(ထီးချိုင့်) LL.B(Q),D.B.L (စဉ်-၈၂၂၅) တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးရာအတိုင်ပင်ခံ

ဦးစိုးမိုးထွန်း(စဉ်-၁၈၈၂) B.A(Eco), H.G.P, R.L တရားလွှတ်တော်ရှေ့နေကြီး

LINO MASTER LAW FIRM

အမှတ် ၂၂၉၊ ပထမထပ်(ယာ)၊ ၃၈ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃၊ ၀၉-၅၁၆၅၆၉၄

ပင်စိမ်းဟင်းခတ် ဆေးစွမ်းထက်

မြန်မာအိမ်ရှင်မတွေနဲ့ ရင်းနှီးပြီးသားပင်စိမ်းဟာ ဗီယက်နမ်လူမျိုးတွေရဲ့ အသည်းစွဲဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်တဲ့အပြင် ဟိန္ဒူလူမျိုးတွေရဲ့ သက်စောင့်ဆေးဆိုလည်းမမှားပါဘူး။ ပင်စိမ်းအရွက်နဲ့အစေ့ကို ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆေးဝါးအဖြစ်သုံးစွဲကြပါတယ်။ သဘာဝပေါက်ပင်ဖြစ်တဲ့ ပင်စိမ်းကို မြေဩဇာမလိုဘဲ မျိုးစေ့ကတစ်ဆင့် အလွယ်တကူစိုက်ပျိုးနိုင်တဲ့အပြင် မြန်မာနိုင်ငံနေရာအနှံ့အပြား ပေါက်ရောက်ပါတယ်။ အထူးသဖြင့် အပူပိုင်းဒေသတွေမှာ ပိုမိုဖြစ်ထွန်းတယ်လို့ ဆိုပါတယ်။

ပင်စိမ်းဟာ အပင်ငယ်မျိုးဖြစ်ပြီး အမြင့်နှစ်ပေကနေ သုံးပေခန့်အထိ ရှိတတ်ပါတယ်။ အပွင့်ဖြူကလေးများရှိပြီး တပေါင်း၊ တန်ခူးလတွေမှာ ပွင့်လေ့ရှိပါတယ်။ နူးညံ့သေးငယ်တဲ့ အရွက်ရှိပြီး အလွန်မွှေးပျံ့တဲ့ရနံ့ရှိပါတယ်။ ပင်စိမ်းဖြူ၊ ပင်စိမ်းညို၊ ပင်စိမ်းနက်၊ ပင်စိမ်းကြီး၊ ဟင်းစား ပင်စိမ်းစသည်ဖြင့် အမျိုးမျိုးကွဲပြားကြပါတယ်။ အရသာအနေနဲ့ပြောရရင် ပင်စိမ်းဟာ ပူတယ်။ စပ်တယ်။ ထို့အပြင် အနည်းငယ်ခါးပါတယ်။

ပင်စိမ်းကို ဉာဏ်ရှိသလို စားသုံးပေးရင် ရောဂါများပျောက်ကင်းစေတယ်လို့ဆိုပါတယ်။ မြန်မာဆေးကျမ်းများအလိုအရ ပင်စိမ်းဟာ လေသလိပ်နဲ့ ဆီးကိုနိုင်ပြီး လေကိုသက်စေတဲ့အပြင် သွေးကိုလည်း တက်စေပါတယ်။ အစာမကြေ၊ ရင်ကျပ်၊ ချွဲကျပ်၊ ချောင်းဆိုး၊ ပိုးနာ၊ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေကို သက်သာစေပြီး အစာကြေ၊ ခံတွင်းကောင်း၊ အသံသာလို့ အသက်ရှည်စေတဲ့ အစွမ်းရှိတယ်လို့ ဆိုပါတယ်။

သုတေသနပြုချက်များအရ ပင်စိမ်းမှာ အနာသက်သာစေခြင်း၊ ဆီးချိုရောဂါကို သက်သာစေခြင်း၊ သွေးတွင်းအဆီကိုလျော့ကျစေခြင်း၊ ခါတ်ရောင်ခြည်ရဲ့ ဆိုးကျိုးတွေကနေ ကာကွယ်ပေးခြင်း၊ ဗက်တီးရီးယားရောဂါပိုးများကို သေစေနိုင်ခြင်း၊ အတွင်းတိမ်ဖြစ်ပွားမှုကို ကာကွယ်ပေးခြင်းနဲ့ ကိုယ်ခံအားမြှင့်တင်ခြင်းစတဲ့ အစွမ်းသတ္တိတွေ ရှိတယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ စမ်းသပ်လေ့လာနေတုန်းဆိုပေမယ့် ကင်ဆာရောဂါကိုလည်း ကာကွယ်ကုသနိုင်မယ်လို့ သိရပါတယ်။

ပင်စိမ်းကို အအေးမိခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်ရောဂါ၊ နှလုံးရောဂါ၊ အဆိပ်မိခြင်း၊ ငှက်ဖျားရောဂါနဲ့ ရောင်ရမ်းနာကျင်တဲ့ ဝေဒနာတွေကုသရာမှာ အသုံးပြုကြပါတယ်။ ယင်းကို လက်ဖက်ရည်ကြမ်းလိုမျိုး ရေနွေးထဲမှာခတ်ပြီး သောက်သုံးနိုင်ပါတယ်။ ထောပတ်နဲ့ ပင်စိမ်းရောနှော ချက်ပြုတ်နိုင်သလို အလှဆီတွေမှာလည်း ပင်စိမ်းကို ထည့်သွင်းအသုံးပြုကြတယ်လို့ သိရပါတယ်။ ပင်စိမ်းအရွက်ခြောက်ကို အင်းဆက်ပိုးကောင်တွေ မလာအောင် ကာကွယ်တဲ့ပစ္စည်းအဖြစ်လည်း သုံးနိုင်ပါတယ်။

မြန်မာဆေးဝါး အဖြစ်လည်း ပင်စိမ်းကို အမျိုးမျိုးသောရောဂါတွေအတွက် အသုံးပြုနိုင်ပါတယ်။ ပင်စိမ်းပွင့်ကို ကြက်သွန်ဖြူနဲ့ချင်းရောထောင်းပြီး ပျားရည်နဲ့ လျက်ပေးရင် ချောင်းဆိုးပန်းနာသက်သာစေပါတယ်။ သလိပ်ကပ် ချွဲကျပ်နေရင်တော့ ပင်စိမ်းရွက် လက်တစ်ဆုပ်စာလောက် ကြိတ်ခြေပြီး ရေကျက်အေးနဲ့ တစ်နေ့နှစ်ကြိမ် သုံးရက်ခန့်သောက်ပေးရင် ပျောက်ကင်းတယ်လို့ဆိုပါတယ်။ ပင်စိမ်းစေ့ကို သကြားနဲ့ရောပြီး ဖျော်ရည်လုပ်သောက်ရင် ဆီးအောင့်တာပျောက်ပြီး အမောပြေစေပါတယ်။ မစားချင် မသောက်ချင်ဖြစ်ပြီး အစာအိမ်နဲ့ လေနာရောဂါထရင် ပင်စိမ်းရွက်သတ္တုရည်ကို သောက်ပေးနိုင်ပါတယ်။ ပင်စိမ်းနဲ့ ထန်းလျက် ဆတူ ရောကြိတ်ပြီး ပျားရည်နဲ့ လုံးထားတာကို နံနက်တစ်လုံး၊ ညအိပ်ရာဝင် တစ်လုံး စားပေးရင် သွားကိုက်၊ သွားနာရောဂါတွေအပြင် ပွေး၊ ဝဲ၊ နှင်းခူနဲ့ မြင်းသရိုက်ရောဂါတွေကိုပါ ပျောက်ကင်းစေပြီး နှလုံးရောဂါနဲ့ ကျောက်ကပ်ရောဂါတွေပါ သက်သာစေတယ်လို့ ဆိုပါတယ်။

ထို့အပြင် ပင်စိမ်းဟာ အဆိပ်အတောက်လည်း ပြေစေပါတယ်။ ကင်းမြီးကောက်ကိုက်ခံရရင် ပင်စိမ်းရွက်ကြိတ်ပြီး အုံပေးနိုင်ပါတယ်။ ပျား၊ ပုရွက်ဆိတ်၊ ကင်းစတဲ့ အကောင်များ အကိုက်ခံရပါက ပင်စိမ်းပင် ပဥ္စင်္ဂါးပါး ထုထောင်းပြီး အုံပေးပါ။ မြွေနဲ့ အခြားအဆိပ်ရှိသတ္တဝါအကိုက်ခံရရင် ပင်စိမ်းရွက်နဲ့ ပျဉ်းတော်သိမ် ဆတူကြိတ်ပြီး ဆီးသီးလုံးခန့် နံနက်၊ ည တစ်နေ့နှစ်ခါ စားပေးပြီး ကြိတ်ဖတ်ကိုအနာပေါ်မှာအုံပြီး အဝတ်စည်းပေးထားရင် ပျောက်ကင်းတယ်လို့ဆိုပါတယ်။

အမျိုးသမီးရောဂါတွေဖြစ်တဲ့ သားကျဉ်းကိုက်၊ သားအိမ်လျှော၊ နို့ချောင်းပိတ်ရောဂါတွေနဲ့ မီးဖွားပြီးစ အပုပ်ဆန်ခြင်းတို့အတွက် ပင်စိမ်းရွက်ကို ငါးကျည်းခြောက်နဲ့ ကြော်စားပေးနိုင်ပါတယ်။ ဗိုက်ကြောပြတ်ပြီး ယားယံနေပါက ပင်စိမ်းရွက်ခြောက်မှုန့်ဖြူးပြီး ပွတ်သပ်ပေးပါ။ သားသမီးဝေးလိုတဲ့ အမျိုးသမီးများအတွက် ပင်စိမ်းရွက် လက်တစ်ဆုပ်စာပြုတ်ရည် တစ်ပန်းကန်ကို ရာသီလာပြီးနောက် သုံးရက်ဆက်တိုက်သောက်ပေးနိုင်ပါတယ်။ ဝက်ခြံ၊ တင်းတိပ်တွေပျောက်ချင်ရင်တော့ ပင်စိမ်းရွက်သတ္တုရည်ကို လိမ်းပေးနိုင်တယ်လို့ သိရပါတယ်။

မျောက်သားကိုကင်ပြီး ပင်စိမ်းနိုင်နိုင်နဲ့ကြော်စားရင် အဆုတ်ရောဂါနဲ့ မျက်စိရောဂါကိုသက်သာပျောက်ကင်းစေတယ်လို့ဆိုပါတယ်။ ဝမ်းပျက်ခြင်းအတွက် ပင်စိမ်းကို ငါးခူ၊ ငါးကျည်းနဲ့ဖြစ်စေ ဆိတ်သား၊ ခိုသားနဲ့ဖြစ်စေ ကြော်စားပေးပါ။ အအေးမိ၊ နှာစေး၊ တုပ်ကွေးမိနေရင် ပင်စိမ်းအစိုကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ပူပူလေး သောက်ပေးနိုင်ပါတယ်။ ပင်စိမ်းပဥ္စင်္ဂါးပါးကို ရေနွေးဖျော်ပြီး အငွေ့ရှူပေးရင် လေဖြတ်၊ လေငန်းနဲ့ အဆစ်ရောင်ရောဂါတွေအတွက်ကောင်းတယ်လို့ ဆိုပါတယ်။ ခေါင်းတစ်ခြမ်းကိုက်တတ်သူများကတော့ ပင်စိမ်းရွက်သတ္တုရည် လတ်လတ်ဆတ်ဆတ်ကို နားထင်နဲ့နဖူးမှာ လိမ်းပေးပါ။

နားကိုက်ဝေဒနာ ခံစားရရင် ပင်စိမ်းရွက်မီးအုံပြီး နားထဲကို အရည်တစ်စက်၊ နှစ်စက်ညှစ်ပေးနိုင်ပါတယ်။ ပင်စိမ်းရွက်သတ္တုရည်နှင့် ငရုတ်ကောင်း၊ ပရုတ်တို့ ရောကြိတ်ပြီး သွားပိုးပေါက်ထဲ ထည့်ထားပေးရင် သွားကိုက်ဝေဒနာ ပျောက်ကင်းသက်သာသွားမှာပါ။ ငှက်ဖျားရောဂါဝေဒနာရှင်တွေအနေနဲ့ ပင်စိမ်းရွက် လေး၊ ငါးရွက်ကို ငရုတ်ကောင်းစေ့ သုံးစေ့ရောပြီး တစ်ပတ်နှစ်ကြိမ် မှန်မှန်သောက်ပေးနိုင်ပါတယ်။ လည်ချောင်းနာ အသံဝင်နေရင်တော့ ပင်စိမ်းစေ့ ရေစိမ်ပြီး သောက်ပေးပါ။ ကလေးများ ကျောပူ ခေါင်းပူဖြစ်ရင် ပင်စိမ်းရွက်နဲ့ ကွမ်းရွက် ဆတူရော၊ ကျပ်ခိုးနဲ့ နနွင်းမှုန့် အနည်းငယ်ထည့်ပြီး ကြိတ်ထားတဲ့ဆေးကို တစ်ကိုယ်လုံးခပ်ပါးပါး လိမ်းပေးနိုင်ပါတယ်။

နံနက်စောစော ပင်စိမ်းသတ္တုရည်ကို ကြွေဇွန်းနဲ့တစ်ဇွန်း သောက်ပေးရင် နာတာရှည်အဖျားကျစေပါတယ်။ ပွေး၊ ဝဲ၊ ညှင်းစတဲ့ အရေပြား ရောဂါတွေအတွက် ပင်စိမ်းရွက်ကို သံပရာရည်နဲ့ရော၊ ညက်အောင်ထောင်းပြီး အနာပေါ်ကို ပွတ်တိုက်ပေး၊ အုံပေးနိုင်ပါတယ်။ နှမ်းစေ့နဲ့ ပင်စိမ်းစေ့ကို ဆတူကြိတ်ပြီး ထန်းလျက်နဲ့ တေထားတာကို နေခြောက်အောင်လှန်းပြီး ဆီးကင်းခန့် နံနက်၊ ည တစ်လုံးကျစီ စားပေးပါက ဆီးချုပ်၊ ဆီးအောင့်၊ အသည်းရောင်၊ အသားဝါနဲ့ လိပ်ခေါင်းရောဂါကို ပျောက်ကင်းစေတယ်လို့ ဆိုပါတယ်။ ထို့အပြင် ပင်စိမ်းရွက်ကို အခြောက်လှန်းပြီး ညက်နေအောင်ထောင်းထားတဲ့အမှုန့်ကို နှာရှူဆေးအဖြစ် နှာခေါင်းပိတ်ဝေဒနာခံစားနေရသူတွေနဲ့ နှာခေါင်းအတွင်း အမြှေးရောင်ရောဂါများအတွက်လည်း အသုံးပြုနိုင်ပါကြောင်း။ ။

ဇင်ဇင်မင်းလွင်

ဆောင်းပါးနှင့်နယ်သတင်း

ကြည့်မြင်တိုင်မြို့နယ်ထွေ/အုပ်နှစ်ပတ်လည်နေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်က မြို့နယ်ထွေ/အုပ်ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

မြို့နယ်ထွေ/အုပ်မှူး ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် ရပ်ကွက်များရှိ အုပ်ချုပ်ရေးတာဝန်ရှိသူများကို ကံစမ်းမဲများဖွင့်ဖောက်၍ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၄၂)

အရိုးရောဂါပညာအဖွဲ့ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(ဘီ)၌ ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ပွဲကိုလည်းကောင်း၊ သက်ကြီး အရိုးဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးမြို့နယ်ရှိကျေးရွာများမီးလင်းတော့မည်

တွံတေး နိုဝင်ဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကို အထူးဆောင်ရွက်လျက်ရှိရာ စမ်းရွာအုပ်စုနှင့် ပေါက်တောအုပ်စုတို့မှ ကျေးရွာအထောက်အကူပြုနှင့် ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာ ပြည်သူလူထုတို့က ကိုယ့်အားကိုယ်ကိုး၍ ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ခဲ့ရာ မီးတိုင်များ၊ မီးကြိုးများ၊ ထရန်စဖော်မာများ တပ်ဆင်ပြီးစီးနေပြီး မကြာမီ မီးများလင်းတော့မည်ဖြစ်သဖြင့် ကျေးရွာရှိ ပြည်သူများ ဝမ်းသာပီတိဖြစ်နေကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈

မြေအဖြစ်မှုစွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ စွန်မွန်းရပ်နေ ဒေါ်နန်းကောင်ခမ်း၏မြေး မောင်ထွန်းအောင်နိုင် ၁၃/ကတန(နိုင်)၁၃၇၅၁၈သည် အဘိုး၊ အဘွားတို့၏ ဆိုဆုံးမခြင်းကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

ဒေါ်နန်းကောင်ခမ်း
၁၃/ကတန(နိုင်)၀၀၉၃၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၂၅)၊ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့ကို အစဉ်အဆက်စာချုပ်များအရ ဦးခင်မောင်သန်း ၁၂/မဂတ(နိုင်)၀၆၅၃၈၅က ဝယ်ယူပိုင်ဆိုင်ပါသည်။ လက်ဝယ်ရှိပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၄ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)**
ဒေါ်လှလှခိုင် LL.B — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**
တိုက်(၉/၁၁)၊ အခန်း(၂၀၁-အေ)(ဒုတိယထပ်)၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၅၁၈၊ မြေကွက်တည်နေရာအမှတ် ၁၀၀၃၊ ဇမ္ဗူလ ၂လမ်း၊ ၁၆/၁ ရပ်ကွက်၊ သဃ်ာန်းကျွန်း ဦးဉာဏ်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးဉာဏ်ဝင်း ကွယ်လွန်သဖြင့် ဒေါ်နန့်ကေတီ ၁၂/ဥကတ(နိုင်)၁၁၉၄၀၈၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာ အမှတ် ၉၈၆၂ (၆-၆-၁၁)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးညွန့်သောင်း ၁၂/သဃက(နိုင်)၁၁၈၈၇၅မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၆၂၁ (၁၁-၁၀-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၄၉၀၊ မြေကွက်တည်နေရာအမှတ် ၄၉၀၊ ငမိုးရိပ် ၅ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် ဦးမောင်မောင်အေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေး ၁၄/ကခန(နိုင်)၀၅၈၂၀၂ထံမှ SP အမှတ် ၆၄၂၇/၁၀ (၁၈-၆-၁၀)ဖြင့် SP ရသူ ဒေါ်မိမိခိုင် ၁၁/တကန(နိုင်)၀၆၈၄၁၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းထားခြင်းမရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ ၆၀၀မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး - တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက်မနိမ့်သောဈေး
တင်ဒါပိတ်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂နှင့် ၀၆၇-၄၀၉၃၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်မမ၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် M-၃၈၂၉၆၀ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၁-၅၁၁၀၂၂သို့ အကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စစ်တွေဘိုးဘွားရိပ်သာ၌ ကျန်းမာရေးစောင့်ရှောက်မှုပေး အာဟာရကျွေးမွေးလှူဒါန်း

စစ်တွေ နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟို)က ရခိုင်ပြည်နယ်ပဋိပက္ခတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသော၊ ယခုအချိန်ထိလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေဆဲဖြစ်သော ကျန်းမာရေးဝန်ထမ်းများနှင့် ရခိုင်ပြည်နယ်ကျန်းမာရေးမှူးအသင်းမှ အသင်းသား ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာတွင် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းမှ ညနေပိုင်းထိ ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အာဟာရ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘိုးဘွား ၂၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်း၊ အသုံးအဆောင်ပစ္စည်းများလှူဒါန်းခြင်း စသည်တို့ကို ပြုလုပ်ကာ ညနေစာကျွေးမွေးလှူဒါန်းခြင်းများကိုပြုလုပ်ပြီး ဘိုးဘွားများအား ကန်တော့ခဲ့ကြကြောင်း သိရသည်။ **လ/၀၀၃**

ပုသိမ်ကြီးမြို့နယ် သာသနပါလက ဘုံဆွမ်းလောင်းအသင်း ဒုတိယအကြိမ်မြောက် မဟာဘုံကထိန်ခင်း

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းသာယာရပ်ကွက် သာသနပါလက ဘုံဆွမ်းလောင်းအသင်း၏ ဒုတိယအကြိမ်မြောက် မဟာဘုံကထိန်ကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ချမ်းမြေ့သာယာဓမ္မာရုံ၌ကျင်းပပြီး နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ် ရှစ်စီးဖြင့် မဲကျရာ ပုသိမ်ကြီးမြို့နယ် ဆင်ဘွတ်ကလေးကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်သို့ပို့ဆောင်၍ ရေစက်ချလှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါဘုံဆွမ်းလောင်းအသင်းကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလက ရပ်ကွက်လူငယ်မောင်မယ်များက စတင်တည်ထောင်ခဲ့ပြီး လစဉ် ၁၅ ရက်နှင့် ၃၀ ရက်တို့တွင် သံဃာတော်များအား ပိဏ္ဍပတ်ဆွမ်းလောင်းလှူပြီး နှစ်စဉ်တရားပွဲတစ်ကြိမ်၊ ကထိန်လှူဒါန်းခြင်းတစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီး လှူဒါန်းပြီးပိုငွေများကို ဘဏ်တွင် စနစ်တကျ အပ်နှံထားကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

မြန်မာ့မီးရထားစက်ရုံ မဟာဘုံကထိန်ပွဲတော်ကျင်းပ

မြစ်ငယ် နိုဝင်ဘာ ၁၁

မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၏ (၆၆) ကြိမ်မြောက်စုပေါင်းမိသားစုမဟာဘုံကထိန်ပွဲတော်ကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်၌ နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက စည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မဟာဘုံကထိန်ပွဲကြီးကို လူစီးတွဲနှင့်ကုန်တွဲစက်ရုံမြစ်ငယ် အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းနှင့်ကာယ၊ ဉာဏ စက်ရုံလုပ်သားကြီးများ၊ ဝန်ထမ်းများ၏ လှူဒါန်းမှုနှင့် မြစ်ငယ် မြို့မရပ်ကွက်နေ ပြည်သူများ ပါဝင်လှူဒါန်းသည့် ကထိန်ပွဲတော်ကြီးလည်းဖြစ်သည်။

ဘုံကထိန် လှည့်လည်ရာတွင် ဥတ်မ-၁၉ခု တန်ဖိုးငွေကျပ် ၂၈၃၀၀၉၉၀နှင့် ဥတ်ရုံ ၄၆ ခု တန်ဖိုးငွေကျပ်၁၉၄၀၀၉၃၄စုစုပေါင်း တန်ဖိုးငွေ ၄၇၇၀၁၉၂၄ ကျပ် ရှိကြောင်း သိရသည်။ အလားတူ မြစ်ငယ်မြို့မ အောင်ချမ်းသာဈေးမှ ဈေးသူဈေးသားများကလည်း မဟာဘုံကထိန်ပွဲတော်ကြီးတွင် ဥတ်ရုံများလှူဒါန်းလျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

သန်းခေါင်စာရင်း ကောက်ယူရေး ဟောပြော

ဖြူး နိုဝင်ဘာ ၁၁

ဖြူးမြို့နယ် ပြောင်သေကျေးရွာအုပ်စု ပြောင်သေကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၉ ရက် နံနက်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ဟောပြောပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ခိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြသည်။

ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးတင့်အောင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသက်ခိုင်တို့က ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများနှင့် မေးခွန်းများ မှန်ကန်တိကျစွာ ဖြေဆိုရန်အတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး ပြောင်သေကျေးရွာအုပ်စုအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ဖြူး- မြင့်ဦး

ပထမအကြိမ် မြန်မာ – ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုတားဆီး နှိမ်နင်းရေးအရာရှိများ အစည်းအဝေးကျင်းပမည်

ပထမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအရာရှိများ၏ ပြစ်မှုဆိုင်ရာတရားစီရင်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးနှင့် နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏လုပ်ငန်းစီမံချက် (၂၀၁၂-၂၀၁၄)အကောင်အထည်ဖော်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းတို့ကို ရန်ကုန်မြို့ Yangon Hotel တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ပြုလုပ်မည့် ပထမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအရာရှိများ၏ ပြစ်မှုဆိုင်ရာတရားစီရင်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးတို့ခေါင်းဆောင်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ မြန်မာကိုယ်စားလှယ် ၁၇ဦး၊ ထိုင်းနိုင်ငံ Department of Labour Litigation မှ Director-General Mr.Wanchai Roujanavong, Department of Special Investigation မှ Deputy Director-General Mrs. Sivaporn Chuenjitsiri နှင့် Royal Thai Police မှ Deputy Commissioner General Pol.Lt- General Chatchawal Suksonjit တို့ခေါင်းဆောင်သည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ ထိုင်းဘုရင့်ရဲတပ်ဖွဲ့တို့မှ ထိုင်းကိုယ်စားလှယ် ၁၇ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ပြုလုပ်မည့် နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ လုပ်ငန်းစီမံချက် (၂၀၁၂-၂၀၁၄) အကောင်အထည်ဖော်ရေးပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းတို့ခေါင်းဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ UNIAP , UNICEF, World Vision (Myanmar),Save the Children (Myanmar), IOM, AFXB,JICA,ILO တို့မှ မြန်မာကိုယ်စားလှယ် ၂၈ ဦး၊ ထိုင်းနိုင်ငံမှ Department of Labour Litigation မှ Director-General Mr.Wanchai Roujanavong, DSDW, MSDHS မှ Deputy Director-General Mrs.Saowanee Khonepatr တို့ ခေါင်းဆောင်သည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ ထိုင်းဘုရင့်ရဲတပ်ဖွဲ့တို့မှ ထိုင်းကိုယ်စားလှယ် ၂၃ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အလှူငွေပေးအပ် လှူဒါန်း

ပင်လောင်း နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တောင်ထီဗွာကျေးရွာအုပ်စု တောင်ထီဗွာကျေးရွာ အမကကျောင်းပြုပြင်ရန်၊ မူလတန်းကြိုကျောင်းဆောင်ဆောက်လုပ်ရန်အတွက်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီက တောင်ထီဗွာအမကကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လှူဒါန်းငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးက အမကကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုင်းထွန်းကလည်းကောင်း၊ ခရိုင်ဦးစီးမှူးက မူလတန်းကြိုကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၀သိန်းပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အတွင်းရေးမှူး ဦးစိုင်းလှဝင်းကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အသုံးမလိုပိုလျှံယာဉ် အပိုပစ္စည်းရုံးသုံးစက်အပိုပစ္စည်း၊ တာယာ/ဘက်ထရီဟောင်းများအား ရောင်းချရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်/နေပြည်တော်)ရှိ အသုံးမလိုပိုလျှံ၊ မော်တော်ယာဉ် အပိုပစ္စည်းအစိတ်အပိုင်းများ၊ သုံးစွဲပြီးတာယာအဟောင်း၊ ဘက်ထရီအဟောင်းများနှင့် သက်တမ်းလွန် Model နိမ့်ယာဉ် အပိုပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့် ပစ္စည်းမျိုးစုံ၏အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ဖော်ပြထားပါသည်။

၃။ **တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်-**

(က) **နေ့ရက်** - ၁၂-၁၁-၂၀၁၃ရက်မှ၂၈-၁၁-၂၀၁၃ရက်အထိ

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀ နာရီ မှ ၁၅း၃၀ နာရီအထိ

(ဂ) **နေရာ** - (၁)ရုံးအမှတ်(၃၂)၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
(၂)စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(ဃ) **တင်ဒါတစ်စောင်နှုန်း** - ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

၄။ **ရောင်းချမည့်ပစ္စည်းများ၏မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ-**

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ နေပြည်တော်

(ခ) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ-**

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ သိုလှောင်ရုံ အမှတ်(၁၀)၊ နေပြည်တော်

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်-**

၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ

၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**

၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၀၀နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် အပိုပစ္စည်းများရောင်းချခြင်းကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ထုခွဲရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိပ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၃/၂၀၁၃-၂၀၁၄/မမ	(၁)PC Wireပြတ်စ	(၃၉.၁၈၅)တန်
	(၂) 18mm ØSpring Steel Round ပြတ်စ	(၂၆.၄၄)တန်

တင်ဒါပိတ်ရက်/အချိန် - ၂၆.၁၁.၂၀၁၃(အင်္ဂါနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၁.၁၁.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့)ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၂၉၁၉၉၁၊ ၂၉၁၉၉၄

OASIS

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

ညီလင်းညီ
၂၃-၁၁-၂၀၁၃ တာပေးပွဲပြေရမည်

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဝဏ္ဏမိုး ၁၂/ကမရ(နိုင်)၀၀၂၅၃၃၏ နိုင်ငံကူးလက်မှတ်အမှတ်(M-၇၀၁၆၇၂)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၁၇၆၇၂

မင်းမာဃ သံဃဒါန ဆွမ်းလောင်းအသင်း ဓမ္မာရုံသစ် တည်ဆောက်မည်

မော်လမြိုင် နိုဝင်ဘာ ၁၁

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ ယခင်အခွန်လွတ်ဈေးကို ခေတ်မီဈေးသစ်ကြီးအဖြစ် အသစ်တည်ဆောက်ပြီးစီးပြီဖြစ်ရာ အဆိုပါ မောင်ငံရပ်ကွက် ခေတ်မီဈေးသစ်ကြီး၏ ကြက်လျှာစွန်းမြေနေရာ၌ ပန်းခြံနှင့် ပန်းခြံအနီး မြေကွက်လပ်နေရာ၌ ဆရာတော်နှင့် ရပ်ကွက်ရှိ ပြည်သူများ၏ တောင်းခံချက်အရ မောင်ငံရပ်ကွက် မင်းမာဃသံဃဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဓမ္မာရုံသစ်ကို ရပ်မိရပ်ဖများ၊ စေတနာရှင်များ၊ အလှူရှင်များက လုပ်အားဒါနနှင့် စုပေါင်းလှူဒါန်းသည့် အလှူငွေများဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်။

ကျော်သန်း(မော်လမြိုင်)

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအနေအထားကိုသုံးသပ်ခြင်း

အာဆီယံ အမျိုးသမီးဘောလုံးလောကတွင် ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာတို့ သုံးသင်းက ကြီးစိုးနေသည်။ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် သူတစ်လှည့်၊ ကိုယ်တစ်လှည့် ဗိုလ်စွဲနေကြသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ထိုင်းတို့ကသာ ဗိုလ်စွဲထားပြီး မြန်မာအမျိုးသမီးအသင်းမှာ ငွေတံဆိပ်ဆုသာ အမြင့်ဆုံးရရှိဖူးသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့သည်မှာ ရှစ်ကြိမ်ရှိပြီဖြစ်ပြီး ထိုင်းနှင့်ဗီယက်နမ်တို့က လေးကြိမ်စီဗိုလ်စွဲထားသည်။ မြန်မာအသင်းမှာ ဒုတိယသုံးကြိမ်၊ တတိယသုံးကြိမ်ရရှိထားပြီး ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ခြင်းမရှိပေ။ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယခု ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း၏ အဓိကရည်မှန်းချက်မှာ ဆီးဂိမ်းရွှေတံဆိပ်ကို ပထမဆုံးရယူနိုင်ရေးဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရလည်း မြန်မာအမျိုးသမီးအသင်းမှာ အုပ်စု(က)တွင် လက်ရှိချန်ပီယံဗီယက်နမ်အပါအဝင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှားနှင့် တီမောတို့ ပါဝင်လျက် ရှိသည်။ ပြိုင်ပွဲဝင်အသင်းများတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့ကိုအခြားအသင်းများယှဉ်ဖို့ မလွယ်၊ ဒီသုံးသင်းက ဆီမီးတက်ရန် သေချာသည်။ သို့သော် မြန်မာအသင်း အနေဖြင့် ဆီမီးတွင် ပွဲကျပ်မကစားရရန်နှင့် ဗိုလ်လုပွဲတက်ရေး လမ်းကြောင်း ဖြောင့်ဖြူးရန် အုပ်စုပထမရဖို့ လိုအပ်ပေသည်။ ယင်းအတွက်ကြောင့် မြန်မာအမျိုးသမီးအသင်းမှာ အုပ်စုပထမရရန် လက်ရှိချန်ပီယံ ဗီယက်နမ်ကို ကျော်ဖြတ်ရမည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိဘောလုံးကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ အိမ်ရှင်မြန်မာနှင့် ဖိလစ်ပိုင်တို့စတင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ ယခု ၂၀၁၃ ခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် အာရှဖလားခြေစစ်ပွဲတွင် ခြေစစ်ပွဲ အောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံအမျိုးသမီးချန်ပီယံ ရှစ်ပြိုင်ပွဲတွင် အောင်မြင်မှုမရဘဲ စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဆီးဂိမ်းပထမဆုံးရွှေတံဆိပ်ကို ရယူနိုင်ရန် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယခုအကြိမ်မှာ အကောင်းဆုံးအခွင့်အရေးဖြစ်သည်။ ၁၉၉၇၊ ၂၀၀၃ နှင့် ၂၀၀၅ ဆီးဂိမ်းပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်ပြီးမှ လက်လွှတ်ခဲ့ရသည်။ မြန်မာအသင်းအနေဖြင့် ယခုအကြိမ်တွင် ဆီးဂိမ်းရွှေတံဆိပ်အိပ်မက်ဆိုးမှ ရုန်းထွက်နိုင်မည်ဟု မျှော်လင့်မိရင်း . . . .။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-စိုးညွန့်

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးကြပ်မှု ကော်မတီဖွဲ့စည်း ကျန်းမာရေးဝန်ဆောင်မှုမြှင့်တင်ရန် ဆောင်ရွက်နေ

ကလေး နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင်၂၀၀ဆံ့ဆေးရုံနှင့် ပြည်သူများအကြား အဆင်ပြေစေရန်နှင့် ဆေးရုံဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုကောင်းမွန်စေရေး၊ ဆေးရုံ၌လိုအပ်သည့်ရေ ရရှိရေး အပါအဝင် အခြားဆောင်ရွက်ချက်များအတွက် ဆေးရုံကြီးကြပ်မှုကော်မတီမှတတ်နိုင်သည့်အားဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံ ကြီးကြပ်မှုကော်မတီကို နာယကသုံးဦး၊ အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဆေးရုံတွင် လိုအပ်နေသော ရေရရှိရေးနှင့် ရေလောင်းအိမ်သာများကောင်းမွန်ရေး ပထမဦးစားပေးဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များ ရှာဖွေဆောင်ရွက်နေကြောင်း သိရသည်။

"ဆေးရုံဆိုတာကလူတွေ နာမကျန်းဖြစ်ပြီး ပူပင်သောကတွေနဲ့ ရောက်လာတဲ့နေရာပါ။ ဆေးရုံက ဝန်ထမ်းတွေကလည်း လူတန်းစားအသီးသီး အလွှာပေါင်းစုံကလူတွေ ဆက်ဆံပြောဆိုနေရတဲ့ အခါမှာ တစ်ခါတလေလူမှုရေးအဆင်မပြေတာလေးတွေ ဖြစ်သွားတတ်ပါတယ်။ ဒါကလည်း တစ်ယောက်တလေကြောင့်ဖြစ်သွားရတာပါ။ မြန်မာစကားပုံတောင်ရှိသေးတာပဲ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာ။ ဒီလိုဝန်ထမ်းတွေကိုလည်း ပြည်သူ့မျက်နှာကြည့်ပြီး ဝိုင်းဝန်းထိန်းသိမ်းသင့်ပါတယ်။ ဒါမှပြည်သူတွေအားကိုးတဲ့ ပြည်သူ့ဆေးရုံအမှန်ဖြစ်မှာပါ" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀ ဆံ့ဆေးရုံဆိုသော်လည်းလူနာပေါင်း ၃၀၀ ကျော်နေ့စဉ်လာရောက်ဆေးကုသမှုခံယူနေကြပြီး တမူးခရိုင်၊ ဂန့်ဂေါခရိုင်နှင့် ကလေးဝမြို့၊ ချင်းပြည်နယ်မြောက်ပိုင်းမြို့များမှ လူနာများလာရောက်ဆေးကုသကြသဖြင့် ဆေးရုံနှင့် လူနာမမျှမတဖြစ်နေရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သျှင်နေမင်း

စစ်တွေမြို့နယ်တွင် အရန်သားဖွားဆရာမသင်တန်းဖွင့်

စစ်တွေ နိုဝင်ဘာ ၁၁

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်ကလေးဌာနစိတ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့၏ အထောက်အပံ့ဖြင့် စစ်တွေမြို့နယ်တွင် အရန်သားဖွားဆရာမသင်တန်းကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ဒေသန္တရကျန်းမာရေးဌာနခန်းမ၌ကျင်းပရာ ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ)ဒေါက်တာယဉ်သန္တာလွင်နှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သင်တန်းဖွင့်ပွဲသို့ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ယခုဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းသည် ကျေးလက်ဒေသ ကျန်းမာရေးမြင့်မားအောင် ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော မိခင်သေနှုန်းကျဆင်းရေးနှင့် ကလေးသေနှုန်းကျဆင်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သင်တန်းတွင်သားဖွားပညာအပြင် အမျိုးသမီးများကျန်းမာရေး(Women Health) အတွက် ပြုစုစောင့်ရှောက်ခြင်းများကိုလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

လ/၀၀၃



ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

အမှတ် ၁၀၉၊ ခြောက်လွှာ(ပဉ္စမထပ်)၊ ၂၁လမ်း၊ (၆)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ဒေါ်ခင်သန်းမြင့် ၁၂/လသန(နိုင်)၀၀၃၆၈၈ လက်ရှိပိုင်ဆိုင်သော အထက်ဖော်ပြပါလိပ်စာရှိ အလျား ၁၆ပေ ၈လက်မ×အနံပေ ၄၀ အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကယနေ့မှစ၍ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၇၆၉) အမည်ပေါက်ဦးရှိန်၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်စိန် ၁၂/ဗတထ(နိုင်)၀၃၀၆၄၇က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မှုခင်းသတင်းနှင့်ကြော်ငြာ

သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

သီပေါ နိုဝင်ဘာ ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက သီပေါမြို့ မြို့လယ်ရပ်ကွက် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မရှင်အတွင်းရေးမှူး ဦးစိုင်းထွန်းအေးက သန်းခေါင်စာရင်း၏ အဓိပ္ပာယ်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ မြို့နယ်လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအတွင်း လူကြီးလူငယ်များအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူး ရရှိပုံနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောကြသည်။ **(ဓါတ်ပုံ)**

စိုင်း(သီပေါ)

တရားမဝင် သယ်ဆောင်လာသည့် ကျွဲ၊ နွားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကင်ပွန်းခြုံရွာအနီးတွင် ကျွဲ၊ နွားများ တရားမဝင်သယ်ဆောင်လာကြောင်းသတင်းအရ ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် ည ၁၁ နာရီခွဲခန့်က ရမည်းသင်းမြို့နယ် လက်ဆည်ကန်ရွာနေ ကျော်မိုးနိုင် (၃၄နှစ်) စီးနင်းလာသည့် ၂၅ယ/... ဟွန်ဒါဝေ့ဖ်ဆိုင်ကယ်နှင့် သာစည်မြို့နယ် ညောင်သာရပ်နေ အောင်ဆန်းဦး (၄၈နှစ်) မောင်းနှင်ပြီး သာစည်မြို့နယ် ယင်းမာပင်ရွာနေ ယာဉ်နောက်လိုက် ဥက္ကာမင်း (၁၉နှစ်) လိုက်ပါလာသည့် ၃ခ/.... နစ်ဆန်း ၁၂ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

အရေးယူ

ထိုသို့စစ်ဆေးရာ ယာဉ်နောက်ခန်းတွင် ပျော်ဘွယ်မြို့နယ် တွင်းရွာနေ ကိုစိုး (၃၅နှစ်) ကို ကျွဲထီး ၁၈ကောင်၊ ကျွဲမသုံးကောင်၊ နွားထီးတစ်ကောင်၊ စုစုပေါင်း ကျွဲ၊ နွား ၂၂ကောင်နှင့်အတူ တွေ့ရှိရသဖြင့် စစ်မေးခဲ့ရာ လယ်ဝေးမြို့နယ် မကျည်းကုန်းရွာနေ ဦးသန်းထွန်း (၅၃နှစ်)၏ ကျွဲ၊ နွားများဖြစ်ကြောင်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့များ၌ ရောင်းချရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရပြီး သယ်ယူခွင့်စာရွက်စာတမ်း အထောက်အထား မပါရှိကြောင်း စစ်ဆေးတွေ့ရှိရသောကြောင့် ကျော်မိုးနိုင်ပါ ငါးဦးကို ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရေကန်အတွင်း ရေဆင်းချိုးရာမှ မိန်းကလေးတစ်ဦး ရေနစ်သေဆုံး

နေပြည်တော် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းတိုက်နယ်ဆေးရုံတွင် နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီခွဲက ရေနစ်သေဆုံးသည့် မိန်းကလေးအလောင်းတစ်လောင်း ရောက်ရှိနေကြောင်း သတင်းအရ ပဒါန်းရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မင်းဘူးမြို့ သနပ်ခါးတောရပ် အမှတ် (၁) ရပ်ကွက်နေ မပန်းအိခိုင် (၉ နှစ်)ဖြစ်ပြီး စစ်ဆေးချက်အရ ငဖဲမြို့နယ် မာန်အောင်ရွာတွင်နေထိုင်၍ အလုပ်လုပ်ကိုင်နေသည့် အဒေါ်ဖြစ်သူ ဒေါ်အေးသန်း၊ အဖော်ဖြစ်သူ မသန်းသန်းနု (၁၂နှစ်)တို့နှင့်အတူ နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် မာန်အောင်ကျေးရွာအရှေ့ဘက် ရေအနက် ၁၈ ပေခန့်ရှိ ရေကန်အတွင်းသို့ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ငဖဲမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ကိုရဲ

သိန်းနီမြို့တွင် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

အမှတ်(၁၀၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ည ၈ နာရီခွဲခန့်က သတင်းအရ သက်သေများနှင့်အတူ သိန်းနီမြို့ ရပ်ကွက်(၄) နေ ယော်လောက်ပယ် (၃၈ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်အတွင်းမှ ဘိန်းဖြူ ၁၄၅ ဒသမ ၇ ဂရမ်၊ တန်ဖိုး ငွေကျပ် ၂၇ ဒသမ ၆၈၃ သိန်း၊ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် တန်ဖိုးငွေကျပ် ၅၃ ဒသမ ၈ သိန်းနှင့်ဘိန်းဆီခဲ ၁၆ ဂရမ်၊ တန်ဖိုးငွေကျပ် ၂၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် **(အပေါ်ပုံ)** ယော်လောက်ပယ်အား သိန်းနီမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျော်စွာဓာတ်မြေဩဇာစက်ရုံမှ အလုပ်ရုံမှူး ဦးအောင်သစ်လွင်(၄၇နှစ်)သည် နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က စက်ရုံ ရုံးတွင်းရှိနေစဉ် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးနှင့် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းများဖြစ်ကြသော ဇော်မိုးအောင်(၄၀ နှစ်)နှင့် ဦးဇော်ဝမ်း(၅၈)နှစ်တို့ စကားများရန်ဖြစ်ရာမှ ဇော်မိုးအောင်က အရိုးအသွား နှစ်ပေခန့်ရှိ ဓားနှင့်ခုတ်၍ ဦးဇော်ဝမ်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း လုံခြုံရေးဝန်ထမ်းဖြစ်သူ ခွန်ချိုထွေး၏ ဖုန်းဖြင့်အကြောင်းကြားချက်အရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဇော်ဝမ်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း တွေ့ရှိရသဖြင့် အရေးယူပေးပါရန်တိုင်တန်းခဲ့ရာ ဇော်မိုးအောင်အား ဒုရင်ဗိုလ် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

စကားများရန်ဖြစ်ရာမှ မိထွေးကို ဓားဖြင့်ခုတ်

နေပြည်တော် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပေပင်ရိုးကျေးရွာတွင် နိုဝင်ဘာ ၇ ရက်က လူသတ်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့သစ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာယင်းကျေးရွာနေ ဒေါ်တင်နွဲ့(၄၅နှစ်)ကို တစ်ရွာတည်းနေ မသင်းသင်းကြူ၏နေအိမ် အပေါ်ထပ် ခေါင်းရင်းခန်းတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသည်။ စစ်ဆေးချက်အရ ထိုနေ့ နံနက် ၁ နာရီခန့်က ဒေါ်တင်နွဲ့သည် ခင်ပွန်းဖြစ်သူ ဦးစိုးရွှေနှင့်အတူ နေအိမ်၌ရှိနေစဉ် လင်ပါသားဖြစ်သူ သန်းထိုက်(၂၇နှစ်)နှင့် တစ်ရွာတည်းနေရဲဝင်းတို့ရောက်ရှိလာကာ အိမ်ဆောက်ရန်အတွက် ယာခင်းအတွင်းရှိ သစ်ပင်များကို ခုတ်လိုကြောင်းပြောရာမှ စကားများရန်ဖြစ်ခဲ့ပြီး ဒေါ်တင်နွဲ့သည် ခင်ပွန်းဖြစ်သူ ဦးစိုးရွှေ၏ ညီမအရင်းဖြစ်သူ မသင်းသင်းကြူ၏ နေအိမ်သို့ သွားရောက်အိပ်နေခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာတွင် မသင်းသင်းကြူ၏ နေအိမ်ဘက်မှ ဒေါ်တင်နွဲ့၏ အော်သံကြားသဖြင့် သွားရောက်ကြည့်ရှုရာ သန်းထိုက်က အရိုးအသွား ၂၇ လက်မခန့်ရှိ ဓားဦးချွန် ဓားရှည်နှင့်ခုတ်၍ ဒေါ်တင်နွဲ့မှာ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသဖြင့် အရေးယူပေးပါရန် ဦးစိုးရွှေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် သန်းထိုက်ကို မြို့သစ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကဲ့သို့ စိတ်ချမ်းသာ

ရက် ၆၀ တရားစခန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပျဉ်ထောင်ကျေးရွာရှိ အောင်ဗောဓိဓမ္မရိပ်သာ၌ (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)မှ (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၂၀-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)အထိ ရက် ၆၀ တရားစခန်းကို မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ညွှန်ကြားပြသတော်မူသော နည်းအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဣန္ဒိဗလမှ ဖွင့်လှစ်ပြသမည် ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသောယောဂီအပေါင်းသည် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၇၃၂၂၃၄၁၉၊ ၀၉-၇၃၁၅၂၆၅၄

အ.ထ.က အင်းတကော်
အာစရိယပူဇော်ပွဲ နှင့် ပြန်လည်တွေ့ဆုံပွဲ

အထူးရှေ့ဆောင်ခရီး Promotion
ဗန်ကောက် (၄ည/၅ရက်) Dec 11-15 ၄သိန်း၅၈သောင်း/-
လူဦးရေကန့်သတ်ထားပါသဖြင့် Nov15 ရက်နေ့အထိသာ စာရင်းလက်ခံပါသည်။ ပုံမှန်ဈေး- ၅သိန်း...သောင်း
Emerald Myanmar Travels & Tours

ဥတုရာသီ တောက်ပမှု၏

ပြင်ဆင်ဖတ်ရှုပါရန်
၁၀-၁၁-၂၀၁၃ရက် ဤသတင်းစာ အချပ်ပိုစာမျက်နှာ(၂)ပါ အများသိစေအပ်ပါသည် ကြော်ငြာတွင် ဖခင် ဦးဟန်ရှင် CE -၀၃၃၇၉၇ အစား ဖခင် ဦးဟန်ရှိန် CE -၀၃၃၇၉၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
(၃၈)ကြိမ်မြောက်
ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနမဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာ မြို့ဦး၊ သာစုကန်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ် အမှူးပြုသော ပရိယတ္တိစာချစာသင် သံဃာတော်များနှင့် ပဋိပတ္တိဝိပဿနာတရားအားထုတ်လျက်ရှိကြသော သံဃာတော် ၄၇၀ ကျော်၊ ပင့်သံဃာတော် ၁၀၀ ကျော်တို့နှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၈၀ ကျော်တို့အား အလှူရှင်များဖြစ်ကြသော အဘွားဒေါ်ရွှေရင်၊ ဖခင်ကြီး ဦးကိုအေး-မိခင်ကြီး ဒေါ်ကြူကြူတို့အားရည်စူး၍ ဦးသန်းထွန်း-ဒေါ်အေးအေးမွန်၊ ဦးမျိုးအောင်-ဒေါ်ရှန်းရှန်းရွှေ၊ မသန်းသန်းနှင့် သားသမီးများ (Same Sky Group of Companies)မိသားစုတို့မှ မတည်လှူဒါန်း၍ ကုသိုလ်ရှင်များ ပေါင်းစုကောင်းမှုဖြင့် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂း၀၀နာရီတွင်ကျင်းပမည်ဖြစ်ရာ စေတနာရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ကြွရောက်ပြီး အလှူရှင်မိသားစုနှင့်အတူ ရေစက်သွန်းချတရားတော်များ နာယူနိုင်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။ နံနက် ၀၆း၀၀နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ဆရာတော်ကြီးအား ကထိန်လျာသင်္ကန်းလှူဒါန်းနိုင်ရန် ကျောင်းတိုက်နှင့်ကိုက်ညီသော ကထိန်လျာသင်္ကန်းများကို စီစဉ်ထားပါသည်။

အလှူရှင်များနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၁-၆၃၅၀၂၇၊ ၀၁-၆၃၅၄၂၄

ကန့်ကွက်နိုင်ပါကြောင်း

နယ်သတင်းနှင့်ကြော်ငြာ

အရန်မီးသတ်အကြို အခြေခံမီးသတ်ပညာသင်တန်းဖွင့်

ကျိုက်လတ် နိုဝင်ဘာ ၁၁

ကျိုက်လတ်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာန၌ အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီက အရန်မီးသတ်အကြို အခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၁၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက် ညွှန်ကြားရေးမှူး) ဦးအောင်နိုင်ထံ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီက သင်တန်းသားများအား တန်းအပ်ခြင်း ဆောင်ရွက်ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး)က သင်တန်းဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းသားများအား သင်တန်းဆက်လက်ပို့ချသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျိုက်လတ်မြို့ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်ကြီးကြပ်ရေးအဖွဲ့နှင့် ဖိတ်ကြားထားသူများ၊ အရန်မီးသတ်သင်တန်းသား ၅၀ စုစုပေါင်းအင်အား ၁၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သရက်မြို့နယ် လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများ နေပြည်တော်သို့ လယ်ယာကဏ္ဍများလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဧက ၃၀၀၀ တောင်သူပညာပေး စံပြစိုက်ကွင်းသို့ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများသည် နိုဝင်ဘာ ၆ရက် ညနေ ၄နာရီက လာရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးထားပုံ G.A.Pစနစ်ဖြင့် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေပုံနှင့် ရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပါက အလေအလွင့်နည်းပါးပြီးအရည်အသွေး မြင့်မားပုံတို့ကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

ကိုပေါက် (ဥက္ကာမြေ)

မိုင်းသတိ ပညာပေး သင်တန်းဖွင့်

နတ်မောက် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် နိုဝင်ဘာ ၄ရက် နံနက်ပိုင်းက မိုင်းသတိပညာပေးသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အများပြည်သူ၏ အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် မိုင်းသတိပညာပေးသင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်လွင်ပါ နည်းပြအရာရှိ ရှစ်ဦးတို့က ပညာပေးဆွေးနွေးခဲ့ကြောင်း၊ သင်တန်းသို့ သင်တန်းသား ၂၆ဦးတက်ရောက်ပြီးသင်တန်းကာလမှာ နိုဝင်ဘာ၄ရက်မှ ၆ရက်အထိဖြစ်ကြောင်း သိရသည်။ (၁၂၇)

သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြော

နမ့်စန် နိုဝင်ဘာ ၁၁

လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အမှတ်(၉) ကျေးရွာမူလွန်ကျောင်း၌ လူဦးရေ အိမ်အကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ရက် နံနက်၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဥမ္မာအောင်တို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့် သိထားသင့်သည့် အချက်များကိုရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာများကို ဟောပြောကြသည်။

မိုးလွင်ဦး(လွိုင်လင်)

ပျော်ဘွယ်မြို့နယ်မှ ဆိုင်ကယ်စီးလာသူ ဇနီးမောင်နှံ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွား

နတ်မောက် နိုဝင်ဘာ ၁၁

ပျော်ဘွယ်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ငှက်မြီးကျေးရွာနေ ဦးအေးမောင်သည် ဇနီးဖြစ်သူ ဒေါ်မွှေးအားတင်ဆောင်၍ နတ်မောက်မြို့သို့မော်တော်ဆိုင်ကယ်မောင်းနှင်လာစဉ် ကားလမ်းဖြတ်ကူးသည့် နွားကိုတိုက်မိ၍ အရှိန်လွန်တိမ်းမှောက်သွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ၄နာရီက ဦးအေးမောင် မောင်းနှင်လာသော လေ့ဂျားအနက်ရောင် ဆိုင်ကယ်သည် နတ်မောက်မြို့နယ် စိုင်ဂေါင်းရဲစခန်း၏အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ စိုင်ဂေါင်း-နတ်မောက် ကားလမ်း ဝင်အူကျေးရွာ လမ်းခွဲမိုင်တိုင်အမှတ် (၄၂/၀)နှင့် (၄၂/၁)အကြားတွင်ဆိုင်ကယ် အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း၊ ဆိုင်ကယ်တိမ်းမှောက်၍ ဆိုင်ကယ်ပေါ်ပါ ဒေါ်မွှေး၏ဦးခေါင်းယာဘက်ချိုစောင်းတွင် ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ) ရရှိသွားကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်တိမ်းမှောက်သည့်ကိစ္စနှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ ဦးအေးမောင်အား စိုင်ဂေါင်းရဲစခန်းမှုခင်း(ပ)၈/၂၀၁၃၊ ပြစ်မှုပုဒ်မ(၃၃၇)ဖြင့် အမှုဖွင့်အရေးယူထားပြီး အမှုစစ်ဒုရဲအုပ်ရန်နောင်စိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၂၇)

ဒေးဒရဲမြို့၌ ကျွန်းပင်၊ ပန်းအလှပင်များ စိုက်ပျိုး

ဒေးဒရဲ နိုဝင်ဘာ ၁၁

ဒေးဒရဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီသည် နိုဝင်ဘာ ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အခြားလူမှုရေးအဖွဲ့အစည်းများနှင့် စုပေါင်းပြီး ဇရာဝတီတံတား(ဒေးဒရဲ)ထိပ် မြို့ဝင်လမ်းဘေးဝဲယာတွင် ကျွန်းပင်၂၀၀နှင့် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ဗိုလ်ချုပ်လမ်းမကြီး လမ်းဘေးရေနုတ်မြောင်းများ ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

[illegible] ... KBZ Bank (Account No.00730200701690301)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Chief Engineer** ကျား (၁) ဦး

M.E(Civil), B.E (Civil) ကျား (၈) ဦး

မ (၅) ဦး

- လမ်း၊ တံတားလုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိရမည်။ (Survey Bill of Quantities (BQ) Drawing Structure, Estimate Detail of Measurement Schedule Program)ကျွမ်းကျင်စွာရေးဆွဲ တွက်ချက်နိုင်ရမည်။ လမ်းလုပ်ငန်းကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။ Chief Engineer အတွက် လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ် အနည်းဆုံးရှိရမည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားများကို ဦးစားပေးမည်။

၂။ **M.E (Mechanical), B.E (Mechanical)** ကျား (၃) ဦး

မ (၃) ဦး

- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။

၃။ **Chief Accountant** မ (၂) ဦး

- LCCL Level (IV) (UK) & MYOB Level (III)(UK) သို့မဟုတ် ACCA Level (I, II, III) (UK) ဘွဲ့ရသူများ သို့မဟုတ် BCA ဘွဲ့ရသူများ Chief Accountant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက်ရှိရမည်။

၄။ **Accountant** မ (၃) ဦး

- **LCCI Level III**

Accountant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။

၅။ **HR (Executive)** မ (၂) ဦး

- Any Graduate, DMA (သို့မဟုတ်) HR Managementနှင့် သက်ဆိုင်သောDiploma ရရှိသူ အသက်(၃၀)မှ (၄၀)ဝန်းကျင် HR (Executive) ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ။

၆။ **ဥပဒေဘွဲ့ရ** မ (၃) ဦး

ရှေ့နေလိုင်စင်ရရှိပြီးသူ အသက်(၂၅)နှစ်မှ(၃၀)ဝန်းကျင်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ

၇။ **Office Staff** မ (၃) ဦး

-စာစီစာရိုက် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရမည်။ Printer, Fax, Scanner, Email, Internet, မိတ္တူကူးစက်၊ ရုံးသုံးပစ္စည်းများ ကျွမ်းကျင်စွာသုံးနိုင်ရမည်။ Office Staff လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်နှင့်အထက် ရှိရမည်။

၈။ **Driver** ကျား (၃) ဦး

ကညန မှထုတ်ပေးသော (E)လိုင်စင်ရှိရမည်။ ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ အသက်(၂၅)နှစ်နှင့် (၄၀)ဝန်းကျင်

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့်ရာထူးနှင့် ခန့်မှန်းလစာတို့ကိုဖော်ပြ၍ လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာအောင်လက်မှတ်မိတ္တူများနှင့် ၂၉-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ Point (Phone Sale, Accessories & Service) အမှတ်(၆)၊ သံလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် No.(4120, 4121) ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်အုပ်စု၊ ပျဉ်းမနားမြို့၊ နေပြည်တော်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

အမျိုးသားများသည် မြန်မာပြည်တွင်း၌ နေရာဒေသမရွေး၊ တာဝန်ထမ်းဆောင်နိုင်ရမည်။ အမျိုးသမီးများ နေပြည်တော်တွင် ရုံးထိုင်နိုင်ရမည်။ နေပြည်တော်မြို့ခံမဟုတ်သူများ နယ်ဝေးမှလာပါက အလုပ်ရရှိပါက နေစရိတ်၊ စားစရိတ်(ငြိမ်း) စီစဉ်ပေးမည်။

[illegible]

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၇၇၉) အမည်ပေါက် ဦးတင်ငွေ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်စိန် ၁၂/ဗတထ(နိုင်) ဝ၃ဝ၆၄၇က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့်ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ပါဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ်(၁၄၁၅)၊ အမည်ပေါက် ဦးပုလဲဆာမိ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ချိုမာမြ ၇/ပမန(နိုင်) ဝ၃၁၈၅၂က မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ပါဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးကြော်ငြာ

မင်္ဂလာဆုတောင်း

ဗိုလ်ကြီးချမ်းညိန်း M.B.,B.S(DSMA),M.PHM(Mehidol)

နှင့်

မနန်းဇာနည်ကျော် B.E(Electronics) ကမ္ဘောဇဘဏ်လီမိတက်

တို့၏ ၁၂-၁၁-၂၀၁၃ရက်တွင် ကျရောက်သော (၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ဖေဖေ၊ မေမေ၊ ကိုကို၊ မိသားစုများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုး၊ မိသားစုအကျိုးကို အသိပညာ၊ အတတ်ပညာစွမ်းပကားဖြင့် ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဖေဖေ-ဦးသန်းညိန်း ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မေမေ-ဒေါ်ခင်သွယ်သွယ်မြင့် ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ကိုကို-ဗိုလ်ကြီးနိုင်ညိန်း:M.B.,B.S (DSMA), M.Med.Sc (Ophthalmology)-
ဒေါက်တာခိုင်သူဇာဝင်း M.B.,B.S(Ygn), M.Med.Sc (Ophthalmology)
ချစ်တူလေး-ခန့်ကိုကိုနိုင်(တုန်တုန်)၊ ချစ်သမီးလေး-လုံးတုံး

ကျောက်ဆည်အသင်း(ရန်ကုန်)
(၁၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဘုံကထိန်သင်္ကန်းကို အောက်ဖော်ပြပါ နေ့ရက်၊ အချိန်နှင့် နေရာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များမှ အသင်းဝင်များအားလုံးနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဒေသနွယ်ဖွားများ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၁၁-၂၀၁၃ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်)
အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
နေရာ - ကျောက်ဆည်အသင်း(ရန်ကုန်)ဓမ္မာရုံဗိမာန်တော်ကြီး
(အနောက်ရွှေဂုံတိုင်လမ်းနှင့်ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်)

လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် တက်ရောက်လာသူအားလုံးတို့အား နေ့လယ်စာ ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး အသင်း၏ ၂၀၁၄ ခုနှစ် ပြက္ခဒိန်များကို မေတ္တာလက်ဆောင် ချီးမြှင့်မည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

အထက(၂) အင်းစိန် အာစရိယပူဇော်ပွဲ အခမ်းအနား

အထက(၂)အင်းစိန်၏ အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၉ နာရီတွင် ကျောင်းသား ကျောင်းသူဟောင်းများမှ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။ အခြားသောနှစ်မှ Batch အသီးသီးကိုလည်း ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိလိုလျှင်၊ လှူဒါန်းလိုလျှင်ဆက်သွယ်ရန်-

(ပြည်တွင်း) ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) Account No:0891120000519၊ (ပြည်ပ) ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) Account No:06010706002101501, Swift Code: KBZBMMMY

၁၉၇၃ ခုနှစ်
ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၅၁၇၂၀၀၆
ဦးအေးနိုင် ဖုန်း-၀၉-၇၃၀၃၂၃၄၃

၁၉၇၈ ခုနှစ်
ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၃၁၁၂၃၂၈၉

၁၉၇၉ ခုနှစ်
ဗိုလ်မှူးကျော်လင်းခိုင်(ငြိမ်း) ဖုန်း-၀၉-၇၃၅၇၇၇၇၇
ကိုမြင့်အောင် ဖုန်း-၀၉-၈၆၁၅၁၁၅
ဒေါ်ချိုမာရှိန် ဖုန်း-၀၉-၅၁၃၉၆၄၁
ဒေါ်ခင်လေးမြင့် (မညိုမီ) ဖုန်း-၀၉-၇၃၁၁၈၃၄၀
ဒေါ်ဆွေဆွေဝင်း ဖုန်း-၀၁-၆၄၁၅၀၉
ဒေါ်အေးမီထွန်း ဖုန်း-၀၉-၃၁၆၅၀၂၈၁
ဒေါ်သီသီမြင့် ဖုန်း-၀၉-၇၃၀၄၅၆၂၇
ဦးစိန်သန်း ဖုန်း-၀၉-၇၃၀၀၇၅၅၃

၁၉၈၃ ခုနှစ်
ဒေါ်အေးအေးထူး ဖုန်း-၀၉-၅၀၅၂၉၄၉
ဦးမြစိုး ဖုန်း-၀၉-၅၁၄၇၄၅၈

၁၉၈၇ ခုနှစ်
ဆရာ မိုးမြင့်အောင်(ခ)ဦးမိုးထွန်း ဖုန်း-၀၉-၂၅၀၀၆၈၅၄၁
ကိုလွင်ဦး

၁၉၈၈ ခုနှစ်
မဖြူဖြူမြင့် ဖုန်း-၀၉-၅၀၅၄၅၃၆
မအေးသီဂီ ဖုန်း-၀၉-၅၀၂၂၁၉၁

၁၉၉၂ ခုနှစ်
ဒေါက်တာ မချောစုလှိုင် ဖုန်း-၀၉-၅၁၂၈၂၁၅
ကိုအောင်ဇော်လတ် ဖုန်း-၀၉-၇၃၀၇၅၄၁၅

၁၉၉၃ ခုနှစ်
မနုဝါမြင့် ဖုန်း-၀၉-၄၂၁၀၂၁၉၄၇
မချယ်ရီဝင်း ဖုန်း-၀၉-၅၀၇၀၈၃၉

၁၉၉၄ ခုနှစ်
ကိုကျော်ကျော်အောင် ဖုန်း-၀၉-၅၁၅၆၁၄၃
သုခမ္မသီဂီ ဒေါ်ချိုသာခင် ဖုန်း-၀၉-၅၀၇၇၇၇၉

၁၉၉၅ ခုနှစ်
ဒေါ်အေးသီတာခိုင် ဖုန်း-၀၉-၄၂၀၁၇၃၃၉၇

၁၉၉၆ ခုနှစ်
ကိုကျော်ဇေထွန်းသူ ဖုန်း-၀၉-၅၀၅၈၂၀၇
မမိုးသဏ္ဍာစိုး ဖုန်း-၀၉-၅၅၀၁၃၄၀

၁၉၉၉ ခုနှစ်
ကိုမိုးကျော် ဖုန်း-၀၉-၅၀၈၃၅၄၀
မခင်ခက်ခက်ခိုင် ဖုန်း-၀၉-၇၃၀၇၂၀၁၀

၂၀၀၀ ခုနှစ်
မရည်မွန်ဦး ဖုန်း-၀၉-၈၆၃၆၅၈၀

၂၀၀၃ ခုနှစ်
မဆုမြတ်မွန် ဖုန်း-၀၉-၄၂၀၁၆၉၃၄၁
ဖုန်း-၀၉-၃၁၈၅၁၀၁၀

၂၀၀၅ ခုနှစ်
ကိုရှင်းသူရိန်မိုး ဖုန်း-၀၉-၇၃၀၈၅၆၆၅
ကိုသြဂတ်(စ်)ဝင်းအောင် ဖုန်း-၀၉-၄၄၈၀၂၃၈၈၂

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးရုံးအဖွဲ့
ကိုစိန်ဝင်းလှိုင်၊ ကိုစောဝေယံထွန်း
ဖုန်း-၀၁-၆၆၁၀၃၀ (Ext-107)
ဖုန်း-၀၉-၂၅၀၂၆၀၂၇၀၊ ၀၉-၂၅၀၄၈၀၇၆၅

ဆရာကန်တော့ပွဲအား အခြားသောနှစ်မှ Batch အသီးသီးကိုလည်း ဖိတ်ကြားအပ်ပါသည်။

မြေကွက်ရောင်းမည်

ပေ(၄၀×၆၀)၊ ဂရန်မြေ
ရေမီးစုံ၊ မြခွာညို(ယုဇန)
သာကေတ
ကျပ်သိန်း ၂၃၀၀
ဖုန်း-၀၉-၂၅၀၂၇၂၂၈၁၊ ၀၉-၄၂၀၂၂၇၈၀၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၂၅၉၆၊ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၉/ပဘန(နိုင်)၀၁၁၅၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၉၃၊ (အလျားပေ ၄၀ × အနံ ပေ၆၀) အကျယ်အဝန်းရှိ ဒေါ်ကျော့မေ အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၉၂ (အလျားပေ ၄၀ × အနံပေ ၆၀) အကျယ်အဝန်းရှိ ဦးသိန်းလှ အမည်ပေါက် ဂရန်မြေကွက်တို့နှင့် ယင်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းညွှန့်မေ ၁၃/တကန(နိုင်)၀၈၅၇၀၀ထံမှ ဝယ်ယူရန် ကျွန်ုပ်မှစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်များနှင့် နေအိမ်အဆောက်အအုံများ၏အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်များ၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျော်ဇင်လတ် ၇/အတန(နိုင်)၀၅၉၅၄၆ ဖုန်း-၀၉-၄၃၁၆၂၅၅၀

အမည်ပြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်နေ ဦးစိုးမောင်၏သား မောင်စိုင်းမောင်ခေး ၁/ဗမန(နိုင်)၀၉၁၅၅၀အား ယနေ့မှစ၍ မောင်စိုင်းမောဝ်ခေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းမောဝ်ခေး

အမည်ပြောင်း

ဗန်းမော်မြို့၊ နမ့်ဖားရပ်နေ ဦးခင်မောင်မြင့်၏သမီး မပန်းအိဖြူ ၁/ဗမန(နိုင်)၀၇၀၅၀၉ အား ယနေ့မှစ၍ မပန်းအိအိဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မပန်းအိအိဖြူ

ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာ၊ အင်းဝအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ၂၀၀၉ခုနှစ်နှင့် ၂၀၁၁ခုနှစ်များတွင် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဥပဒေပုဒ်မ-၄ အရတစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ဒေသကို သတ်မှတ်ခဲ့ပြီး ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာ၊ အင်းဝဒေသများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ဥပဒေဖြင့် ကန့်သတ်ထားသော ဇုန်များအတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများတည်ဆောက်ခြင်း၊ တည်ဆောက်ရန်အတွက် မြေနေရာများ ရှင်းလင်းခြင်း၊ ဝင်းခြံများကာရံခြင်း၊ ဝင်းခြံများကာရံရန် တိုင်များစိုက်ထူခြင်းစသည်တို့ ဆောင်ရွက်နေခြင်းကြောင့် ဥပဒေချိုးဖောက်ရာရောက်သည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများပျက်စီးမှုတို့ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ အပိုဒ် ၂ပါ ကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူတိုင်းသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း (၆)ပါ အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာရပါမည်-

ဥပဒေကောက်နုတ်ချက်

ပုဒ်မ ၁၃။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာ ဇုန်အတွင်းတွင်-
(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊
(၂) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

× × × × × × ×

၄။ ပုဒ်မ ၁၃အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနသည် စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကိုပြုနိုင်ကြောင်း အထက်ပါ ဥပဒေပုဒ်မ ၁၄တွင် ဖော်ပြထားပါသည်။

၅။ တားမြစ်ချက်များ ခေါင်းစဉ်ဖြင့် အခန်း (၇)တွင် ပြစ်မှုတစ်မှုချင်းအလိုက် ပုဒ်မများတပ်၍ တားမြစ်ပြဋ္ဌာန်းထားပါသည်။

၆။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အထက်ပါဥပဒေအခန်း (၈)ပါပြစ်မှုနှင့် ပြစ်ဒဏ်များချမှတ်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုတစ်ခုချင်းအလိုက် ဖော်ပြပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူများအား တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးကြေညာပါသည်။

၇။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းအမွေအနှစ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

Hotel / Condo နေရာကောင်း-လမ်းမတန်း မြေကွက်

1. ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် မြေအကျယ် (၀. ၂၂၅ ဧက) ဘိုးဘွားပိုင်မြေ မြေသီးသန့် (မျက်နှာစာ-ပေ ၁၀၀) ရောင်းမည်။ (ဈေး - 38,000 သိန်း)
2. အမှတ် (၃) လမ်းမဓမ္မေတာင်၊ သယ်န်းကျွန်းကြီးလမ်းဆုံအနီး မြေအကျယ် (၂ ဧက)၊ ဂရန် (၆၀)၊ မြေဖတ်ပြီး (မျက်နှာစာ-၄၆၀ ပေ) ရောင်းမည်။ (ဈေး - 1.5 သိန်း /Sqft)

ဆက်သွယ်ရန် : 09-43094949, 09-421100998

အမည်ပြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်တမ(မူလွန်)၊ စတုတ္ထတန်းမှ မောင်သန့်ဇင်ထွန်းအား ယနေ့မှစ၍ ဟိန်းဝေယံကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဟိန်းဝေယံကျော်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၁၃လမ်း၊ မြေကွက်အမှတ် ၄၄၄၂၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ် ၄၄၄၂၊ ၁၃ လမ်း၊ ပေါင်းလောင်း(၂)၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့ရှိ ဦးအောင်ကျော်ကျော် (ဘ)ဦးစန်းအောင် ၉/ပမန(နိုင်)၀၆၃၅၂၇အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ပြီး မြေကွက်စလစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်စသည့် အထောက်အထားများတင်ပြပြီး မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် (၁၂၈၇) အမည်ပေါက် ဦးပုလဲဆာမိ၏ မြေကွက်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်စိန် ၁၂/ဗတထ(နိုင်)၀၃၀၆၄၇က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-095(2013-2014)	Skid Mounted Water Transfer Pump With Motor Driven	(2)Units	US$
(၂)	IFB-096(2013-2014)	2900 Series Well Head Equipment & Accessories	(4)Sets	US$
(၃)	IFB-097(2013-2014)	1500 Series Well Head Equipment & Accessories	(6)Sets	US$
(၄)	IFB-098(2013-2014)	900 Series Well Head Equipment & Accessories	(12)Sets	US$
(၅)	IFB-099(2013-2014)	228 D-246-86 Type Pumping Unit	(1)Set	US$
(၆)	IFB-100(2013-2014)	160 D-173-74 Type Pumping Units	(5)Sets	US$
(၇)	IFB-101(2013-2014)	114 D-119-48 Type Pumping Units	(6)Sets	US$
(၈)	IFB-102(2013-2014)	80 D-133-54 Type Pumping Units	(5)Sets	US$
(၉)	IFB-103(2013-2014)	40 D-76-48 Type Pumping Units	(8)Sets	US$
(၁၀)	IFB-104(2013-2014)	2 7/8" & 2 3/8" EUE Tubing	(2)Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?

ရွှေရည်မှန်ကန်မှုကြောင့်လား ? ဈေးနှုန်းမှန်ကန်မှုကြောင့်လား ? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား ?

YL ရိုးလုံရွှေဆိုင်ကြီး(လက်လီလက်ကား)

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

ရိုးလုံ (၁) - အမှတ် (S-7) ပထမထပ် ယုဇနပလာဇာ ညောင်တုန်းလမ်း ရန်ကုန်။ ☎- ၂၀၀၇၄၇ (Ext.) ၂၀၀၁၊ ၀၉-၄၅၀၀၅၁၃၃၃

ရိုးလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်မွန်

အမှတ် (F-1) ပထမထပ် ယုဇနပလာဇာ ညောင်တုန်းလမ်း ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.) ၂၁၀၀

ရိုးလုံ (၃) - (ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်မွန် (C-5)၊ ပထမထပ် ယုဇနပလာဇာ ရန်ကုန်။ ၀၁-၂၀၀၇၄၇ (Ext.) ၂၁၀၀

ချွန်းလုံ ရွှေဆိုင် - ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုလယ်

အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎-၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၂၂၅

ချွန်းလုံ ရွှေဆိုင် - ကိုဘုန်းကျော်ဝေ + မဇင်သိန်း

H - 10၊ ယုဇနပလာဇာ (ပထမထပ်)။ ☎-၀၉-၇၃၀၅၃၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၁၀၀

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကျောက်မြောင်းနေ
ဦးဝင်းတင်-ဒေါ်မြင့်မြင့်အေးတို့၏သား၊ မခင်သူဇာဝင်း၏အစ်ကို
မောင်စည်သူဝင်း
B.C.Sc(Hons;),U.C.S.Y (ခေတ္တစင်ကာပူ)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်း(၆၉)၊ မကြီးကြီးလမ်းနေ
(ဦးဘစိန်)-ဒေါ်ဟုန် တို့၏မြေးကြီး
ဦးအေးမြင့်-ဒေါ်သန်းမြင့်ရီ တို့၏သမီးကြီး
မဇာဏီမြင့်
BBA (Hons;), B.Sc (Engrg IT)
(ခေတ္တစင်ကာပူ)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂-၁၁-၂၀၁၃ရက်တွင် River View Hotel (Singapore)၌ Mr.Sim Khee Wang(Sole Minizer)၏ ရှေ့မှောက်တွင်လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူဝင်း-မဇာဏီမြင့်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၇၈

ဦးအောင်အောင်ကျော်	နှင့်	ဦးမြင့်ကြွယ်
တရားလို		**တရားပြိုင်**

အလုံမြို့၊ အမှတ် ၃၃(ငါးလွှာ)၊ ဘယ်/ညာ၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်နေ ဦးမြင့်ကြွယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကငွေကျပ် ၁၃၀၀၀၀၀၀နှင့် နစ်နာကြေး ၅၀၀၀၀၀၀/ ရလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိမိမော်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၈၇၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၉/ပဘန(နိုင်)၁၄၂၉၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရမည်းသင်း)

TG Myanmar Technology Gateway Co., Ltd

Build Trust with .mm

မြန်မာ Online Market အတွက် အကောင်းဆုံးဝန်ဆောင်မှုများ

Fully Website Development Service

Email & Web Hosting

VPS (Virtual Private Server)

Free DNS Management Panel

10% to 20% discount for Hosting

Try our VPS FREE for 14 days

No. 560, Kabaraye Pagoda Road, Mayangone Township, Yangon. Ph: 01-657852, 01-657883, 09-420043928, 09-2025719

No: 127, Thiriyadanar Shopping Complex, Naypyitaw. Ph: 067-420968 . Website: www.mtg.com.mm Email: info@mtg.com.mm

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^က၊ ကာယရပ်ကွက်၊ ကာယ ၃လမ်း၊ မြေကွက်အမှတ် ၂/၁၂၀၊ အကျယ်ပေ($\frac{၁၁၄}{၁၄၆} \times \frac{၁၆၉}{၄၈+၁၂၄}$)ရှိ နှစ်၆၀ ဂရန်ထွက်ရှိထားသောမြေကွက်အား မူလဂရန် အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်မာမာလွင်(ခ)ဒေါ်ဘိယုံ ၁၂/ကမရ(နိုင်)၀၄၅၃၉၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်၏ပိုင်ဆိုင်မှု အထောက်အထားမူရင်းများယူဆောင်ပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စံပယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/၄၅၅၇ kzl Light Truck, Light Truck ယာဉ်လက်ဝယ်ရှိသူ Super Seven Stars Motors Industry Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/A၊ မြေကွက်အမှတ် ၃၅/က^၂၊ မြေကွက်တည်နေရာအမှတ် ၅၄/ဘီ၊ နံ့သာကုန်းလမ်း နံ့သာကုန်းရပ်ကွက်၊ အင်းစိန်ဦးစောစစ်ဒနီသြကြီး ၁၂/အစန(နိုင်)၀၂၉၈၄၃၊ ဒေါ်ဂလဲဒစ်(စ်)သြကြီး ၁၂/အစန(နိုင်)၀၂၈၉၂၀ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဂလဲဒစ်(စ်)သြကြီး ကွယ်လွန် ဖခင်ဖြစ်သူ ဦးစောစီသြကြီး ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစောစစ်ဒနီသြကြီး ၁၂/အစန(နိုင်)၀၂၉၈၄၃က သားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ဦးစောစစ်ဒနီသြကြီးထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၉၇/၂၀၁၂ ဖြင့် GP ရသူ ဒေါ်နော်ခင်မြတ်လှ ၁၂/အစန(နိုင်)၀၂၉၈၄၂က ပိုင်ဆိုင်ကြောင်းစာချုပ်ရရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၁၁၉၊ မြေကွက်တည်နေရာအမှတ် ၁၁၉၊ ၄လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးထွန်းရီ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီထံမှ GP $\frac{၁၃၄၁၀/၁၃}{၁၅-၇-၁၃}$၊ ရရှိသူ ဒေါ်လဲ့လဲ့ရီမှ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ မြို့မြေစာရင်းတွင် ၉-၁၂-၉၈ ခုနှစ်၌ ဒေါ်ချိုချိုဆန်းမှ ကန့်ကွက်ထားခြင်းနှင့် ၁၀-၃-၂၀၀၀ ခုနှစ်တွင် ဦးထွန်းရီ ကိုယ်တိုင်မှ ကန့်ကွက်ထားပါ၍ ယခု GP ဒေါ်လဲ့လဲ့ရီက အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားခြင်းအား ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၆၈ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၅စီ^၁၊ မြေကွက်အမှတ် Southern ½ of V 58၊ မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် ဦးမောင်သိန်းနှင့် ဦးမာမက်ဂျလားမြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူဦးမောင်သိန်းသည် ၂၇-၁၂-၁၉၉၃ ရက်တွင်ကွယ်လွန်သွားသဖြင့် ၎င်းပိုင် ထက်ဝက်အစုအား ပိုင်ဆိုင်စာချုပ်အမှတ် ၂၅၇/၁၉၉၅ ဖြင့် ဇနီး ဒေါ်သိန်းသိန်းနှင့် ၎င်း၏ သားသမီး ခုနစ်ဦးမှ ပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်သိန်းသိန်းသည် ၉-၇-၂၀၀၉ ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏သားသမီးများဖြစ်ကြသော ဦးလှငွေး ၁၂/ပဘတ (နိုင်) ၀၁၆၄၆၈၊ ဦးလှဝင်းသိန်း ၁၂/ပဘတ (နိုင်) ၀၁၆၄၆၉၊ ဒေါ်လှလှဝင်း ၁၂/ပဘတ (နိုင်) ၀၁၆၄၆၂၊ ဦးခင်မောင်လတ် ၁၂/ပဘတ(နိုင်)၀၀၁၁၅၈၊ ဦးဝင်းမောင် ၁၂/ပဘတ(နိုင်)၀၀၁၄၆၃၊ ဒေါ်စန္ဒာဝင်း၁၂/ပဘတ(နိုင်)၀၂၄၈၆၉၊ ဦးဇော်ဝင်းသိန်း ၁၂/ပဘတ(နိုင်)၀၂၈၈၆၆တို့က သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ၊ သေစာရင်းတို့တင်ပြပြီး ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမာမက်ဂျလား F/RGN-၀၀၁၆၀၀နှင့်ပူးတွဲ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဖခင်အမည်မှန်

အထက (၅) ဗိုလ်တထောင် ဆဋ္ဌမတန်း(က)မှ မသန့်သန့်မိုးတူးရှန်၏ ဖခင်အမည်မှန်မှာ ဦးဂျန်မော်တူးရှန် ၅/ရဘန(နိုင်)၀၂၇၆၈၅ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးထွန်းဦး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ညောင်ပင်သာ စိုက်ပျိုးရေးသိပ္ပံမှ မောင်သူရထွန်းအား မောင်သူရလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရလင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၉၃၊ မြေကွက်အမှတ် (၂၀၄-က)၊ အမည်ပေါက် ဦးအေဇမြား AH - 125520 ထံမှ ဝယ်ယူထားသူ ဦးစိုးဝင်း ၁၂/သကတ(နိုင်)၁၂၄၉၉၆က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

